ဒို့တာဝန်အရေးသုံးပါး
♦ ပြည်ထောင်စုမပြိုကွဲရေး။
♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail: mwdpress@hotmail.co.uk

# မြဝတီ

နေ့စဉ်

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

ဓမ္မပဒ

ရောင်စုံကဏ္ဍာစုံလင် ဦးစွာဖြန့်ချိ မြဝတီ

the Myawady Daily

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက် ၂၀၁၆ ခုနှစ်၊ မေ ၃၁ ရက်၊ အင်္ဂါနေ့ အတွဲ(၆)၊ အမှတ်(၄၃)

## နိုင်ငံတော်သမ္မတထံ ဖီဂျီသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့ ခန့်အပ်လွှာများပေးအပ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာဖီဂျီသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဖီလီမုန်းကူး ခန့်အပ်လွှာပေးအပ်စဉ်။ ဓာတ်ပုံ - တင်ဦးဦး



နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျုံဟိုဘွန် ခန့်အပ်လွှာပေးအပ်စဉ်။ ဓာတ်ပုံ - တင်ဦးဦး

နေပြည်တော် မေ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာဖီဂျီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဖီလီမုန်းကူးသည် ယနေ့နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျုံဟိုဘွန်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း နေပြည်တော်ရှိ သမ္မတအိမ်တော်၌ **စာမျက်နှာ ၁၆ ကော်လံ ၄ ♦**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးများကျင်းပ

စာ - ၄ သို့

၂၀၁၆ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

## သက်တမ်းမတိုအောင် ဆေးလိပ်ရှောင်

အောင်ခန့်ဖြိုးဝေ(တောင်ငူ) စာ - ၁၃ သို့

၂၀၁၆ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုကဗျာ

## ကမ္ဘာမြေကြီးလှပဖို့

မောင်မင်းသိမ်း(သရက်) စာ - ၈ သို့

| မြို့ | အနိမ့်ဆုံးအပူချိန် / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၄° C / ၃၆° C |
| ရန်ကုန် | ၂၄° C / ၃၄° C |
| မန္တလေး | ၂၂° C / ၃၆° C |

လျှပ်စစ်မီးကိုချွေတာသုံးစွဲပါ

အပိုးတန်ရေချိုကို ချွေတာကြပါစို့

## မြန်မာ့ကမ်းလွန်ဒေသရှိ သဘာဝဓာတ်ငွေ့တွင်းနှစ်တွင်း၌ သဘာဝဓာတ်ငွေ့လေအဆီ စည်ပေါင်း ၈၃ သန်း ကိန်းအောင်းနေမည်ဟု ခန့်မှန်းထား

စာ - ၂ သို့



# သယ်ယူပို့ဆောင်ရေးစနစ်ကောင်းမွန်စေရန် ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော ခရီးသည်တင်ယာဉ် ၆၁ စီးတွင် GPS စနစ်များ တပ်ဆင်ထား

ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့် သယ်ယူပို့ဆောင်ရေးစနစ် ကောင်းမွန်စေရန် မေလနောက်ဆုံးပတ်မှစတင်၍ ခရီးသည်တင်ယာဉ် ၆၁ စီးတွင် GPS စနစ်များ တပ်ဆင်ထားပြီးဖြစ်ကြောင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှု(ဗဟို)ကော်မတီမှ သိရသည်။




ခရီးသည်တင်ယာဉ်လိုင်းများတွင် GPS စနစ်တပ်ဆင်ခြင်းမှာ အဝေးပြေးခရီးသည်တင်ယာဉ်များကဲ့သို့ Telematics စနစ်တပ်ဆင်ခြင်းဖြစ်ပြီး မြို့တွင်းခရီးသည်တင်ယာဉ်များကိုလည်း ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ယာဉ်ပိုင်ရှင်နှင့် မော်တော်ယာဉ်များကို စီမံထိန်းချုပ်ရန် စမ်းသပ်တပ်ဆင်ခြင်းဖြစ်ကြောင်း မ-ထ-သ(ဗဟို) ကော်မတီဥက္ကဋ္ဌ ဦးလှအောင်ကပြောသည်။

ခရီးသည်တင်ယာဉ်လိုင်းများကို ပိုမိုကောင်းမွန်သည့် သယ်ယူပို့ဆောင်ရေးစနစ်ဖော်ဆောင်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆွေးနွေးဆုံးဖြတ်ချက်အရ တပ်ဆင်ခြင်းဖြစ်ကြောင်း၊ ထိုသို့တပ်ဆင်ခြင်းဖြင့် ယာဉ်များကို ခြေရာခံနိုင်မည်ဖြစ်ပြီး ယာဉ်မတော်တဆမှုဖြစ်လျှင် မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို ပြန်လည်သုံးသပ်နိုင်မည်ဖြစ်ကြောင်းနှင့် ကျန်ရှိသည့်ခရီးသည်တင်ယာဉ်များကို အဆိုပါ GPS စနစ် တပ်ဆင်နိုင်ရန် ဆွေးနွေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ရန်ကုန်မြို့တွင်းပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ်လိုင်း ၃၅၈ လိုင်းရှိပြီး မှတ်ပုံတင်ထားသည့် မော်တော်ယာဉ် ၇၆၇၀ စီးရှိကာ တစ်ရက်လျှင် ယာဉ်အစီးရေ ၄၈၀၀ ခန့်ဖြင့် ပြေးဆွဲလျက်ရှိကြောင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှု (ဗဟို )ကော်မတီမှ သိရသည်။

(၄၄၇)

# ဒဂုံ (ဆိပ်ကမ်း)မြို့နယ်၌ အိမ်ရာလိုအပ်ချက်ရှိသော မိသားစုများအားအိမ်ရာနှင့် အခြေခံဝန်ဆောင်မှုများပေးရန် တန်ဖိုးနည်းအိမ်ရာတည်ဆောက်သွားမည်

ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(ဆိပ်ကမ်း) မြို့နယ်အတွင်းရှိ အိမ်ရာလိုအပ်ချက်ရှိသောမိသားစုများအား အိမ်ရာနှင့်အခြေခံဝန်ဆောင်မှုများပေးရန် UN-Habitat မှ ဂျပန်အစိုးရ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် တန်ဖိုးနည်းအိမ်ရာစီမံကိန်းတစ်ခု စတင်အကောင်အထည်ဖော်တည်ဆောက်သွားမည်ဖြစ်ကြောင်း UN-Habitat ၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါအိမ်ရာစီမံကိန်းတွင် အိမ်ရာလိုအပ်ချက်ရှိသောမိသားစု ၂၄၀ အတွက် ငါးထပ်တိုက် ၁၂ လုံး ဆောက်လုပ်သွားမည်ဖြစ်ပြီး တန်ဖိုးနည်းအိမ်ရာ ကနဦးတည်ဆောက်မှုကို အဆောက်အအုံခြောက်လုံးဖြင့် စတင်မည်ဖြစ်ကာ အိမ်ရာနေထိုင်ခွင့်အတွက် မိသားစုများ၏ အခြေအနေပေါ်မူတည်၍ ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

တန်ဖိုးနည်းအိမ်ရာ တည်ဆောက်ရေးစီမံကိန်းအတွက် မြေနေရာကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ခွင့်ပြုချထားပေးခဲ့ပြီး အိမ်ရာလိုအပ်ချက်ရှိသော မိသားစုများနေထိုင်စရာအိမ်အခက်အခဲများနှင့် ရင်ဆိုင်နေရခြင်းအပေါ် ဖြေရှင်းနိုင်ရေးအတွက် စတင်စမ်းသပ်အကောင်အထည်ဖော်သည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း UN-Habitat မှ မြန်မာနိုင်ငံဆိုင်ရာစီမံကိန်းမန်နေဂျာ Bijay Karmacharya က ပြောသည်။

ဂျပန်အစိုးရသည် UN-Habitat ၏ မြန်မာနိုင်ငံရှိ တခြားဒေသများ၌ ပြည်သူများအတွက် နေထိုင်မှုမြှင့်တင်ပေးခြင်းနှင့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း စသည့်အမျိုးမျိုးသောစီမံကိန်းများတွင် ရန်ပုံငွေထည့်ဝင်ပေးထားပြီး ချင်းပြည်နယ်အတွင်းရှိပြည်သူများအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများကိုလည်း ဇွန်လအတွင်းစတင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

(၄၄၇)

# ယာဉ်စည်းကမ်းလမ်းစည်းကမ်း ပညာပေးစည်းရုံးမှုများအပြီး လိုက်နာခြင်းမရှိပါက ထိရောက်စွာအရေးယူမည်

ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်ကြောကျပ်တည်းမှုများ လျော့နည်းစေရေးအတွက် စည်းကမ်းမဲ့မောင်းနှင်သည့်ယာဉ်များကို ယာဉ်စည်းကမ်းလမ်းစည်းကမ်းများ လိုက်နာရန် ပညာပေးစည်းရုံးမှုများပြုလုပ်ခဲ့ပြီး ပညာပေးကာလပြီးဆုံးပါက လိုက်နာခြင်းမရှိသည့်ယာဉ်များကို ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ လမ်းများပေါ်၌ နေ့စဉ်သွားလာလျက်ရှိသော ယာဉ်အစီးရေ လေးသိန်းခန့်မှ စည်းကမ်းမဲ့ယာဉ်များကိုထိရောက်စွာအရေးယူလျက်ရှိပြီး မီးပွိုင့်စနစ်များပြောင်းလဲခြင်း၊ ကွန်ကရစ်တုံးများဖယ်ရှားခြင်းနှင့် အများပိုင်သယ်ယူပို့ဆောင်ရေးယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲခြင်းတို့အပြင် ရန်ကုန်မြို့ပတ်ရထားလမ်းများကိုလည်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယာဉ်ကြောပိတ်ဆို့မှုများ လျော့နည်းစေရန် နည်းလမ်းမျိုးစုံဖြင့် ဖြေရှင်းရာတွင် ပြည်ပပညာရှင်များထံမှ နည်းလမ်းများကို စမ်းသပ်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ယာဉ်ကြောပိတ်ဆို့မှုများ ဖြေလျှော့နိုင်ရန် နည်းလမ်းတစ်ခုဖြစ်သည့် ကွန်ကရစ်တုံးများဖယ်ရှားရာတွင် အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်း၊ ပြည်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းတို့ရှိ ကွန်ကရစ်တုံးများကို အဓိကဖယ်ရှားသွားမည်ဖြစ်ပြီး လက်ရှိတွင် အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းပေါ်ရှိ ကွန်ကရစ်တုံးများကို ဖယ်ရှားလျက်ရှိကြောင်း သိရသည်။

ဆုလာဘ်

# လျှပ်စစ်ရထားစီးနင်းသည့်ခရီးသည် လျော့နည်းလာခြင်းကြောင့် မြို့ပတ်ရထားလမ်းနှင့် ချိတ်ဆက်ပြေးဆွဲမည့်အပိုင်းများကို ခေတ္တရပ်ဆိုင်းထား

ရန်ကုန် မေ ၃၀

ရန်ကုန်မြို့ ကမ်းနားလမ်းတစ်လျှောက်၌ ပြေးဆွဲပေးလျက်ရှိသော လျှပ်စစ်ရထား (TRAM)တွင် စီးနင်းသည့်ခရီးသည်လျော့နည်းလာခြင်းကြောင့် ဆက်လက်ပြေးဆွဲပေးမည့်မြို့ပတ်ရထားလမ်းနှင့် ချိတ်ဆက်မည့်အပိုင်းများကို ခေတ္တရပ်ဆိုင်းထားကြောင်း မြန်မာ့မီးရထားမှသိရသည်။

လျှပ်စစ်ရထား(TRAM)ပြေးဆွဲခြင်းကို ရန်ကုန်မြို့ ကမ်းနားလမ်းတစ်လျှောက် ဝါးတန်းလမ်းမှလင်းစခေါင်းအထိ ဇန်နဝါရီ ၁၀ ရက်က စတင်ပြေးဆွဲပေးခဲ့ပြီးနောက်ပိုင်းတွင် ဝါးတန်းမှ ကြည့်မြင်တိုင်၊ လင်းစခေါင်းမှ ပုဇွန်တောင်စသည်ဖြင့် မြို့ပတ်ရထားလမ်းနှင့် ကွန်ရက်သဖွယ်ချိတ်ဆက်ပြေးဆွဲရန် စီစဉ်ထားသော်လည်း လက်ရှိတွင်စီးနင်းသည့်ခရီးသည်အရေအတွက်မှာ ယခင်ထက် လျော့နည်းလာခြင်းကြောင့် အဆိုပါ အစီအစဉ်ကို ခေတ္တရပ်ဆိုင်းထားကြောင်း သိရသည်။

"လျှပ်စစ်ရထားက အစပိုင်းမှာ ခြောက်ခေါက် အဲဒီကနေ လေးခေါက်ပြေးဆွဲတယ်။ အခုကျတော့ နှစ်ခေါက်လျှော့ပြီးပြေးဆွဲပေးတာတောင် ခရီးသည်စီးနင်းမှု တစ်နေ့ကို လူဦးရေ ၄၀ လောက်ပဲရှိတယ်။ အရင်က စချင်း ၆၀ နဲ့ ၁၀၀ ကြားမှာရှိတယ်။ ခရီးသည်နည်းတဲ့အတွက် လျှပ်စစ်ရထားကို မြို့ပတ်ရထားနဲ့ ချိတ်ဆက်ပြေးဆွဲမယ့် အပိုင်းမှာ ခဏရပ်ဆိုင်းထားတယ်" ဟု မြန်မာ့မီးရထားတိုင်းအမှတ်(၇)မန်နေဂျာ ဦးကျော်စိုးလင်းက ပြောသည်။

ဆုလာဘ်




# ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးဦးကျကာလတွင် ဓာတ်လိုက်သေဆုံးမှုများ ဆက်တိုက်ဖြစ်ပွားခဲ့သဖြင့် သတိပြုသွားလာသင့်

ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တချို့နှင့် ရပ်ကွက်အတွင်းရှိ ဈေးများ၊ လူနေအိမ်များ၌ ဓာတ်လိုက်သေဆုံးမှုများ ဆက်တိုက်ဖြစ်ပွားခဲ့သဖြင့် သတိပြုသွားလာသင့်ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ခွဲမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ရန်ကုန်မှာ မိုးစရွာပြီးနောက်ပိုင်း ဓာတ်လိုက်သေဆုံးမှုတွေ အဖြစ်များလာတယ်။ ဓာတ်လိုက်သေဆုံးမှုအများစုက လုပ်ငန်းခွင်မှာပေါ့ဆမှုတွေကြောင့်ဖြစ်တာ တွေ့ရတယ်။ ဓာတ်ကြိုးပြတ်ကျလို့ သေဆုံးမှုက သုံးမှုရှိပါတယ်။ ဆာကူရာတာဝါနားက ဓာတ်တိုင်အောက် လူသေဆုံးမှုကို ဓာတ်လိုက်လို့ သေဆုံးခြင်း ဟုတ်၊ မဟုတ် စုံစမ်းစစ်ဆေးနေတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ဆိပ်ကမ်းမြို့နယ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကျန်းမာရေးဝင်းရှိ သင်္ဘောဆိပ်ခံအဆောက်အအုံလုပ်ငန်းခွင်၌ မေ ၂၈ ရက် မွန်းလွဲပိုင်းက ဆေးသုတ်နေသော အသက် ၂၀ အရွယ်အမျိုးသားတစ်ဦး ပေါက်ပြနေသည့် ဝါယာကြိုးဖြင့်ထိမိရာမှ ဓာတ်လိုက်သေဆုံးခဲ့သည်။ ထို့ပြင် မှော်ဘီမြို့နယ်၌ မေ ၂၄ ရက်က ဓာတ်ကြိုးပြတ်ကျရာမှ အမျိုးသားတစ်ဦးသေဆုံးခဲ့ပြီး ယင်းနေ့ညနေ ၄ နာရီက ရန်ကုန်ဘူတာကြီးဘက်ရှိ ပလက်ဖောင်းအနီး ဆာကူရာတာဝါရှေ့၌ အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံးခဲ့ကြောင်း မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှ သိရသည်။

ယခုနှစ်မေလအတွင်း ဓာတ်လိုက်သေဆုံးသူအရေအတွက် အဖြစ်များလာသဖြင့် မြို့နယ်အလိုက် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့များက ရပ်ကွက်များ၌ အန္တရာယ်ရှိသည့်ဓာတ်ကြိုးများကို လိုက်လံလှည့်လည်မှုများအပြင် လျှပ်စစ်အသုံးပြုသူများအား သတိပေးနှိုးဆော်ချက်များလိုက်နာရန် အသိပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံး၌ ဓာတ်လိုက်မှုပေါင်း ၂၀၀ ကျော် ဖြစ်ပွားခဲ့သည့်အနက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်လိုက်မှုကြောင့် သေဆုံးသူဦးရေ ၁၀၀ ကျော်ရှိခဲ့ကြောင်း၊ ယင်းဓာတ်လိုက်သေဆုံးမှုများတွင် ကမာရွတ်နှင့် လှိုင်သာယာမြို့နယ်တို့၌ လျှပ်စစ်ဝါယာကြိုးပြတ်ကျရာမှ ဈေးသည်နှင့် ဈေးဝယ်သူတချို့သေဆုံးခဲ့ကြောင်း သိရသည်။

(၄၄၇)

ပြည်သူ့လွှတ်တော် အစည်းအဝေး

# နောင်လာမည့်ရွေးကောက်ပွဲများတွင် မဲစာရင်းမှန်ကန်စေရေး ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်သွားရန်စီစဉ်ထား

နေပြည်တော် မေ ၁၀

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်အတွင်းရှိ ပင်လယ်ကမ်းခြေတွင် ဒီရေတောများဖွံ့ဖြိုးပေးရန်အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့သည်။

ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညိုက ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် တင်သွင်းခဲ့ခြင်းဖြစ်ပြီး ကမ်းရိုးတန်းဒေသများ ပင်လယ်ကမ်းခြေဒေသများရှိပြည်သူများ၏ သဘာဝဘေးအန္တရာယ်လုံခြုံရေးနှင့် ဂေဟစနစ်များမပျက်သုဉ်းစေရေးအတွက် ဒီရေတောများဖွံ့ဖြိုးသင့်ကြောင်းကို ထောက်ပြထားသည်။

ထို့ပြင် အစည်းအဝေးတွင် ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက်၏ **ကျောက်တံတားမြို့နယ်အတွင်း၌ မဲစာရင်းများမှားယွင်းနေမှုအပေါ် ရွေးကောက်ပွဲကော်မရှင်အနေဖြင့် နောင်လာမည့်ရွေးကောက်ပွဲတာလ၌ မဲစာရင်းမှန်ကန်နိုင်စေရန် မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကိုသိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးလှတင့်က နောင်လာမည့်ရွေးကောက်ပွဲများတွင် မဲစာရင်းမှန်ကန်စေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်ပြုစုခဲ့သော မဲဆန္ဒရှင်များအားအခြေခံ၍ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး အိမ်တိုင်ရာရောက် မဲဆန္ဒရှင်စာရင်းကောက်ယူပြီး ပိုမိုပြည့်စုံတိကျမှန်ကန်စေရေးဆောင်ရွက်သွားရန်စီစဉ်ထားရှိပါကြောင်း၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ မဲဆန္ဒရှင်ပြည်သူများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးလှတင့်။



ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက်။

ကချင်ပြည်နယ် မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်း၏ **ကချင်ပြည်နယ် မံစီမြို့နယ်တွင် ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောတွင်း ကျရောက်လျက်ရှိသော ကျေးရွာများ၊ ကျေးရွာမြေများအား သစ်တောဧရိယာမှပယ်ဖျက်ပေးရန် အစီအစဉ်ရှိ မရှိနှင့် လူဦးရေတိုးတက်လာသည်နှင့်အမျှ လူနေအိမ်များတိုးချဲ့လုပ်ဆောင်နိုင်ရန်နှင့် စိုက်ပျိုးမြေများတိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် ကြိုးပြင်ကာကွယ်တောဧရိယာများလျှော့ချပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ရှိမည်ဆိုပါက မည်သည့်အချိန်တွင်ဆောင်ရွက်ပေးမည်၊ မရှိပါက အဘယ်ကြောင့်မရှိသည်တို့ကို သိလိုကြောင်း**မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ်တွင် သစ်တောကြိုးဝိုင်း ၁၁ ခု၊ ဧရိယာတစ်သိန်းကျော် ကြိုးပြင်ကာကွယ်တောကိုးခု၊ ဧရိယာသုံးသိန်းကျော် စုစုပေါင်း သစ်တောမြေ လေးသိန်းငါးသောင်းကျော်ရှိပြီး နယ်မြေလုံခြုံရေးကောင်းမွန်မှုမရှိသဖြင့် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် သစ်တောမြေအတွင်း ကျူးကျော်မှုစာရင်းအား မြို့နယ်အတွင်း နေရာအားလုံးတွင် ကောက်ယူနိုင်ခြင်းမရှိခဲ့ပါကြောင်း။

မံစီမြို့နယ်အတွင်း စာရင်းကောက်ယူရရှိသည့် လုံးဂျာကြိုးဝိုင်း၏တစ်စိတ်တစ်ဒေသဖြစ်သော ကောင်ရာရပ်ကွက်မြေ ၂၁၁၁ ဒသမ ၇၁ ဧက၊ မြင်ဦးလွင်ရပ်ကွက်မြေ ၇ ဒသမ ၁၅ ဧကနှင့် သာသနာ/အများပိုင်မြေ ၁၈ ဒသမ ၀၄ ဧက စုစုပေါင်း ၂၇ ဒသမ ၉ ဧကအား သစ်တောမြေမှ ပယ်ဖျက်ပေးပြီးဖြစ်ပါကြောင်း၊ နယ်မြေလုံခြုံရေးအခြေအနေကောင်းမွန်ပါက ဌာနစုံပါဝင်သော စုပေါင်းအဖွဲ့ဖြင့် စာရင်းကောက်ယူ၍ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်း နှစ်အတန်ကြာကျူးကျော်နေထိုင်လုပ်ကိုင်လျက်ရှိသော ကျေးရွာများမှ လယ်၊ ရွာမြေ သာသနာ/အများပိုင်မြေများအား သစ်တောမြေအဖြစ်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပယ်ဖျက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ကရင်ပြည်နယ် ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၏ **ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ကျေးရွာများမှ ပြည်သူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများပြုလုပ်ရာတွင် မိုးမှင့်စီမံချက်များအတိုင်း မြန်ဆန်စွာသတ်မှတ်နှုန်းထားအတိုင်း သက်သာသောစရိတ်နှုန်းထားဖြင့် နိုင်ငံသားတိုင်းအပေါ် တစ်ပြေးညီဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ကရင်ပြည်နယ်အတွင်း မြို့နယ်ကိုးမြို့နယ်၌ (NRC)၏ပံ့ပိုးမှုဖြင့် တစ်လလျှင် အနည်းဆုံးတစ်ကြိမ်နှုန်းဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏အစီအစဉ်ဖြင့်လည်းကောင်း၊ ကျေးရွာတာဝန်ရှိသူများ၏ ဖိတ်ခေါ်မှုအရလည်းကောင်း ကျေးရွာအရောက်လုပ်ငန်းများ အခမဲ့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဘားအံမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်း ၂၃၀၀ စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၉၆၇၈ ဦးအား ဆောင်ရွက်ထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော် အစည်းအဝေး

# ဖလမ်းမြို့သစ်(လုံပီး)မြို့ပြစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် တိုးချဲ့ရပ်ကွက်ဧရိယာအတွင်းပါဝင်မည့် ကျေးရွာများ၏ဧရိယာများကိုပြန်လည်တိုင်းတာပြီး အမှတ်တွဲအသစ်တည်ဆောက်ရန်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၀

**ဖလမ်းမြို့ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းသို့ ပြောင်းရွှေ့လိုသူများအား လူမှုအဆောက်အအုံဇုန် Proposed Location for Sport Complex နှင့် အထက်တန်းကျောင်းဆောက်ရန် လျာထားသည့်နေရာတွင် ကျူးကျော်ပြောင်းရွှေ့ခွင့်မပြုဘဲ လူနေဇုန်လျာထားသည့် နေရာများတွင်သာပြောင်းရွှေ့ခွင့်ပြုရန် အစီအစဉ်ရှိ မရှိနှင့် အစိုးရသက်တမ်းကုန်ဆုံးမည့်အချိန်တွင် မြို့ပြစီမံကိန်းမည်သည့်အဆင့်ရောက်ရှိနေသည်ကိုသိရှိလိုကြောင်း** ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်းက ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် မေးမြန်းသည်။

ယင်းမေးခွန်းအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဖလမ်းမြို့နယ်အတွင်းရှိ လိုင်ဇိုအုပ်စု ထန်နီရံ(မြောက်)ကျေးရွာ၊ ထန်နီရံ(တောင်)ကျေးရွာ၊ ဘိုင်လာကျေးရွာနှင့် ကာလ်ရောန်ကျေးရွာတို့သည် ၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုကွဲအက်မှုများဖြစ်ပွားခဲ့ကြောင်း၊ ၎င်းကျေးရွာများ ပြောင်းရွှေ့မည့်နေရာသည် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲလျာထားသည့် လူမှုအဆောက်အအုံများဇုန်Proposed Location for Sport Complex ၁၆ ဧကနှင့် အထက်တန်းကျောင်းဆောက်ရန် လျာထားသည့် ၂၅ ဧကနေရာများကို ကျူးကျော်ခြင်းမရှိဘဲ လူနေဇုန်လျာထားသည့်နေရာများတွင်သာ ပြောင်းရွှေ့မည်ဖြစ်ကြောင်း။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး။

ဖလမ်းမြို့သစ်(လုံပီး) မြို့ပြစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဖလမ်းမြို့နယ်ကော်မတီ ၃ ရပ်၏ အစည်းအဝေးဆုံးဖြတ်ချက်အရ တိုးချဲ့ရပ်ကွက်ဧရိယာအတွင်းပါဝင်မည့် ကျေးရွာများ၏ဧရိယာများကို ပြန်လည်တိုင်းတာပြီး အမှတ်တွဲအသစ်တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုပြီး ပေးပို့သည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းတို့ကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်းထားရှိရန် အမျိုးသားလွှတ်တော်က သဘောတူအတည်ပြုခဲ့သည်။ **(သတင်းစဉ်)**

## ပညာရေးဝန်ကြီးဌာန

## အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာသိရှိရန်အချက်များ

## ( ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ် )

**အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်အတွက် အခမဲ့ထောက်ပံ့မှုများ**

- သူငယ်တန်း (KG)အတွက် ကျောင်းဝတ်စုံ (၁)စုံ **(အခမဲ့)**
- မူလတန်းအဆင့်အတွက် ကျောင်းဝတ်စုံ(၁)စုံ၊ ဗလာစာအုပ်(၆)အုပ်နှင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်(၁)စုံ **(အခမဲ့)**
- အလယ်တန်းအဆင့်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်(၁)စုံ **(အခမဲ့)**
  (ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာနှင့်စာကြည့်တိုက်ကြေးကင်းလွတ်ခွင့်)
- အထက်တန်းအဆင့်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်(၁)စုံ **(အခမဲ့)**
  (ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာနှင့် စာကြည့်တိုက်ကြေးကင်းလွတ်ခွင့်)

**ပညာရေးဝန်ထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ**

- ကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူအားလုံးကို မည်သည့် **အခကြေးငွေ**မှ ကောက်ခံခြင်းမပြုရ။
- ကျောင်းအပ်နှံခြင်းအတွက် **ငွေကြေး/လက်ဆောင်** ပစ္စည်းတစ်စုံတစ်ရာလက်ခံခြင်းမပြုရ။
- ကျောင်းဝတ်စုံအတွက် **အတန်းတံဆိပ်နှင့်ကျောင်းတံဆိပ်များ** ရောင်းချခြင်းမပြုရ။
- အခြားမည်သည့်ပစ္စည်းကိုမှ ရောင်းချခြင်းမပြုရ။

**မိဘများသို့ မေတ္တာရပ်ခံချက်**

- မိမိတို့သက်ဆိုင်ရာနယ်မြေများတွင်သာ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်နှံကြပါရန်။
- ကျောင်းအပ်နှံခြင်းအတွက် မိဘပြည်သူများက **ငွေကြေးနှင့်လက်ဆောင်**ပစ္စည်းများကိုကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများကို ပေးအပ်ခြင်းမပြုရန်။
- ထပ်ကျော့ကျောင်းအပ်နှံခြင်းကြောင့်လည်းကောင်း၊ ကျောင်းအပ်နှံနှုန်းမြင့်မားလာခြင်းကြောင့်လည်းကောင်း၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်ကို မျှဝေခြင်းအစီအစဉ်နှင့်လည်းပူးပေါင်းပြီး လုံလောက်စွာဖြန့်ဝေပေးလိုပါသဖြင့် သတ်မှတ်မြို့နယ်အလိုက် ကျောင်းဝင်ခွင့်လျှောက်ထားမှုနှင့်ပတ်သက်၍ ပိုမိုချောမွေ့အဆင်ပြေစေမည့်နည်းလမ်းများကို အကြံပြုကြပါရန်။

**ပညာရေးဝန်ကြီးဌာန**

www.facebook.com/themyawadydaily



# ဇမ္ဗူသီရိမြို့နယ်၌ သုတမင်္ဂလာ စာကြည့်တိုက်ဖွင့်လှစ်

နေပြည်တော် မေ ၃၀

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက်၌ သုတမင်္ဂလာစာကြည့်တိုက်ဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ နေပြည်တော်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသင်းဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်ဇော်တို့က သုတမင်္ဂလာစာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးသက်လွင်ဦးက စာကြည့်တိုက်၏လက်ရှိအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် အလှူရှင်များက သုတရသစာအုပ်များကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက လက်ခံရယူပြီး တက်ရောက်လာကြသူများက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ သုတမင်္ဂလာစာကြည့်တိုက်ကို ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ထားခြင်းဖြစ်ပြီး ငွေကျပ် ၃၆ ဒသမ ၅ သိန်းကုန်ကျကာ အလျား ၁၀ ပေ၊ အနံ ၁၆ ပေရှိ တစ်ထပ်အဆောက်အအုံဖြစ်၍ စာကြည့်တိုက်တွင် သုတရသစာအုပ်ပေါင်း ၉၅၀ ခန့် ရှိကြောင်း သိရသည်။

ခင်ဇော်(မင်္ဂလာ)

# မတ္တရာမြို့နယ်၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ ကျင်းပ

မတ္တရာ မေ ၃၀

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာအခမ်းအနားကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက မိုးဦးအလှစိမ်းစိုမြ သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး မတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက အဖွင့်အမှာစကားပြောကြားသည်။



ထို့နောက် တံငါ(မြောက်) အခြေခံပညာအထက်တန်းကျောင်းခွဲမှ နဝမတန်းကျောင်းသား မောင်စိုးကိုကိုမောင်က မင်းသားအကဖြင့် ကပြဖျော်ဖြေသည်။

ဆက်လက်၍ အလှူရှင်များက ပညာရေးဌာနသို့ အလှူငွေများနှင့် ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးဝင်းအောင်က လက်ခံရယူကာ အလှူရှင်များအား ဂုဏ်ပြုလက်မှတ်များ ပြန်လည်ပေးအပ်ပြီး ချွေကြည်ကုန်း အခြေခံပညာအလယ်တန်းကျောင်းခွဲမှ အဋ္ဌမတန်းကျောင်းသူ မေတိုးတိုးဝေက တစ်ပင်တိုင်အကဖြင့် ကပြဖျော်ဖြေသည်။

ယင်းနောက် မြို့သစ်အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းသား၊ ကျောင်းသူလေးများက ဇာတိမာန်သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

နိုးကျော်သူထွေး(မတ္တရာ)

## သဇင်(FM)အသံလွှင့်အစီအစဉ်

### ၃၁-၅-၂၀၁၆(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၇း၀၀ | Thazin Morning Review & Sports |
| ၂။ | ၁၀း၀၀ | Birthday Wish |
| ၃။ | ၁၁း၃၀ | Album Choice |
| ၄။ | ၁၂း၁၅ | Listener Choice |
| ၅။ | ၁၄း၀၀ | ချစ်ခြင်းရဲ့နှစ်ပတ်လည် |
| ၆။ | ၁၄း၃၀ | ကဗျာဥယျာဉ် |
| ၇။ | ၁၅း၃၀ | First Step |
| ၈။ | ၂၁း၀၀ | Opposite Songs |
| ၉။ | ၁၇း၀၀ | 99 Album |
| ၁၀။ | ၁၇း၂၀ | Online Request Songs |
| ၁၁။ | ၂၀း၃၀ | ချစ်ခွန်းတေးသံချစ်သူထံ |

# ပုဗ္ဗသီရိမြို့နယ်၌ အခြေခံယာဉ်မောင်းသင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် မေ ၃၀

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ယာဉ်မောင်းသင်တန်းကျောင်းဝင်းအတွင်းရှိ အင်ဂျင်နီယာဌာနသင်တန်းခန်းမ၌ အခြေခံယာဉ်မောင်းသင်တန်းအမှတ်စဉ်(၅၁)သင်တန်းဆင်းပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ကုန်းလမ်းပို့ဆောင်ရေး ယာဉ်မောင်းသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒုတိယအင်ဂျင်နီယာချုပ် ဦးခင်မောင်မြင့်က သင်တန်းသားများအနေဖြင့် မော်တော်ယာဉ်များကို ဘေးအန္တရာယ်ကင်းကင်းနှင့် စနစ်တကျမောင်းနှင်နိုင်စေရန်အတွက် ယခုကဲ့သို့ ယာဉ်မောင်းသင်တန်းများ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေနိုင်ပြီး လူ့စွမ်းအားအရင်းအမြစ် တိုးတက်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ မော်တော်ယာဉ်တစ်စီး၏ ဖွဲ့စည်းတည်ဆောက်ပုံကို သိရှိရန်လိုအပ်သကဲ့သို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိနားလည်ပြီး လိုက်နာခြင်းဖြင့် ယာဉ်ကြောင့်ဖြစ်တတ်သော မတော်တဆမှုများကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လက်ထောက်အင်ဂျင်နီယာ ဦးအောင်ဇေယျက မော်တော်ယာဉ် တစ်စီးလုံးဖွဲ့စည်းတည်ဆောက်ရာတွင် ပါဝင်သော စက်အစိတ်အပိုင်းများနှင့် လုပ်ဆောင်ပုံများ၊ မော်တော်ယာဉ်မောင်းနှင်ရာတွင် ကြိုတင်ကာကွယ်ပုံ နည်းလမ်းများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားပြီး လက်ထောက်အင်ဂျင်နီယာ ဦးတင်မောင်ဆန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်သည့် အန္တရာယ်သတိပေးလမ်းညွှန်များ၊ တားမြစ်ခြင်းနှင့် ကန့်သတ်ခြင်းလမ်းညွှန်များ၊ အမိန့်ပေးလမ်းညွှန်များ၊ ညွှန်ပြသည့် လမ်းညွှန်များ၊ လမ်းအမှတ်အသားများအကြောင်းကို ထပ်မံရှင်းလင်းပြောကြားကာ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းဆင်းပွဲသို့ ကုန်းလမ်းပို့ဆောင်ရေးယာဉ်မောင်းသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒုတိယအင်ဂျင်နီယာချုပ် ဦးခင်မောင်မြင့်၊ လက်ထောက်အင်ဂျင်နီယာ ဦးအောင်ဇေယျ၊ လက်ထောက်အင်ဂျင်နီယာ ဦးတင်မောင်ဆန်း၊ နည်းပြဆရာများဖြစ်သော ဦးစောဆန်းသာ(စက်မှုကျွမ်းကျင်-၃)၊ ဦးလှဝင်းထွေး(စက်မှုကျွမ်းကျင်-၃)၊ ဦးမျိုးဇော်(စက်မှုကျွမ်းကျင်-၃)၊ ဦးအောင်မျိုးသိန်း(အလုပ်ရုံစိတ်မှူး)နှင့် သင်တန်းသား၊ သင်တန်းသူ ၇၁ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(၄၁၃)



# မန္တလေး ပန်းချီနှင့်ပန်းပုပညာဌာန၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပထမနှစ်ကျောင်းသား ဦးရေ ၁၁ ဦးသာရှိ

မန္တလေး မေ ၃၀

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ အနုပညာအထက်တန်းကျောင်း(မန္တလေး) ပန်းချီနှင့်ပန်းပုပညာဌာန၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ပထမနှစ်ကျောင်းသားဦးရေ ၁၁ ဦးသာရှိကြောင်း သိရသည်။

"ဒီနှစ် ပထမနှစ်ကျောင်းသား ၁၁ ဦးပဲ ရှိသေးတယ်။ ဒါက နယ်ကျောင်းသားများအတွက် အဆောင်ချထားပေးမှုမရှိသေးတဲ့အတွက်ကြောင့်ပါ" ဟု ပန်းချီနည်းပြဆရာ ဦးစိုးဝင်းအောင်က ပြောသည်။

အနုပညာအထက်တန်းကျောင်း(မန္တလေး) ပန်းချီနှင့် ပန်းပုသင်တန်းကို လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ က ဖွင့်လှစ်ခဲ့ပြီး နှစ်စဉ် မေ ၂ ရက်တွင် ကျောင်းအပ်လက်ခံပြီး ဇွန်လအတွင်း ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

"အရင်ကဆို နယ်ကလာတဲ့ ကျောင်းသားတွေအတွက် အဆောင်ရှိတယ်။ အခု မရှိတော့ဘူး။ အဲ့ဒီအတွက် ကျောင်းသားဦးရေ နည်းသွားတာလည်းပါတယ်။ ဒီအတွက်လည်း ကျွန်တော်တို့အနေနဲ့ အဆောင်ပြန်ဖြစ်လာဖို့အတွက် ကြိုးစားနေပါတယ်"ဟု ဦးစိုးဝင်းအောင်က ဆက်ပြောသည်။

အဆိုပါပန်းချီပန်းပုသင်တန်းကို ဆဌမတန်းအောင်ရုံဖြင့် တက်ရောက်နိုင်ပြီး ကျောင်းပညာရေးကိုပါ သင်ကြားပေးကာ သင်တန်းကာလမှာ သုံးနှစ် သတ်မှတ်ထားကြောင်း သိရသည်။

"ဒီလိုအနုပညာမျိုးကို သေချာလေ့လာဖို့လိုတယ်။ ပန်းချီပန်းပုပညာရပ်ကို လူငယ်တွေက စိတ်ဝင်စားမှုများပါတယ်။ ဒါပေမဲ့ ဒီမှာကျောင်းတက်လို့ရတယ်ဆိုတာ သိတဲ့သူနည်းတယ်။ နောက်ပြီး ဒီကျောင်းက ပညာရပ်ကိုလည်း သင်ယူလို့ရအောင်စီစဉ်ပေးထားတယ်"ဟု မန္တလေးမြို့ခံ ကာတွန်းဆရာကြီး တစ်ဦးကပြောသည်။

အဆိုပါ ပန်းချီပန်းပုသင်တန်းကျောင်း၌ ကျောင်းဖွင့်ရက်များတွင် နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အတန်းပညာသင်ကြားပေးလျက်ရှိပြီး မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီခွဲအထိ ပန်းချီ၊ ပန်းပုပညာကို သင်ကြားပေးလျက်ရှိကာ ပန်းချီကျောင်းသားများအတွက် စက္ကူဆေးကင်းဘတ်စုတ်တံများကို ကျောင်းတက်သည့်အချိန်မှစတင်၍ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ပထမနှစ်ပန်းချီကျောင်းသား ရှစ်ဦး၊ ပန်းပုကျောင်းသား သုံးဦး၊ ဒုတိယနှစ် ပန်းချီကျောင်းသား သုံးဦး၊ ပန်းပုကျောင်းသား ငါးဦး၊ တတိယနှစ် ပန်းချီကျောင်းသား ငါးဦးနှင့် ပန်းပုကျောင်းသား နှစ်ဦး တက်ရောက်ကြမည်ဖြစ်ပြီး ပန်းချီနည်းပြဆရာ ငါးဦးနှင့် ပန်းချီဒုတိယနည်းပြဆရာ လေးဦး၊ ပန်းပုနည်းပြဆရာ တစ်ဦးတို့က သင်ကြားပေးမည်ဖြစ်ကြောင်း မန္တလေးအနုပညာအထက်တန်းကျောင်းမှ သိရသည်။

အမ်အမ်ကေ

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# စိတ္တဇလူသတ်သမားနေရာက သရုပ်ဆောင်ချင်တဲ့ အဆိုတော်ဘန်နီဖြိုး

အဆိုတော်ဘန်နီဖြိုးသည် ပရိသတ်များ၏နှစ်သက်မှု အများအပြားရရှိခဲ့သည့်အဆိုတော်တစ်ဦးဖြစ်သည့်အပြင် သရုပ်ဆောင်လောက၌ နေရာတစ်နေရာရရှိရန် ကြိုးစားနေသူတစ်ဦးလည်းဖြစ်သည်။ လက်ရှိတွင် ဒါရိုက်တာသားညီ ရိုက်ကူးလျက်ရှိသည့် ချာမ်းဇာတ်လမ်းတွဲတွင် ခေါင်းဆောင်မင်းသားနေရာက ပထမဆုံး ပါဝင်သရုပ်ဆောင်ထားသူလည်းဖြစ်သည်။ ယင်းဇာတ်လမ်းတွဲတွင် ထူးခြားသည့်အနာဂတ်ကို ကြိုမြင်နိုင်သော လူငယ်တစ်ဦးနေရာမှ ပါဝင်သရုပ်ဆောင်ထားပြီး စိတ္တဇလူသတ်သမားနေရာတွင်လည်း သရုပ်ဆောင်လိုကြောင်း ပြောကြားခဲ့သည်။

"အခက်အခဲကတော့ ကိုယ်အသားမကျသေးတဲ့နယ်ပယ်ထဲကို ပထမဆုံးခြေလှမ်းရတာဆိုတော့ အရမ်းခက်ခဲပါတယ်။ အခုမှစလုပ်တာဆိုတော့ ဘာမှလည်းအတွေ့အကြုံမရှိသေးဘူး။ သူများသင်ပေးတာကိုပဲ ယောင်ဝါးဝါးလိုက်လုပ်ရသလို ဖြစ်နေတယ်။ လေ့လာမှုအပိုင်းကတော့ ရုပ်ရှင်ကြည့်တာကလွဲပြီး ဘာမှသိပ်မရှိသေးဘူး။ များသောအားဖြင့် နိုင်ငံခြားကားတွေ ကြည့်တယ်။ မြန်မာဇာတ်ကားတွေလည်းကြည့်ပြီး လေ့လာတယ်။ ဒါရိုက်တာ ကိုသားညီက ကိုယ်တိုင်လည်း သရုပ်ဆောင်မင်းသားတစ်ဦးဖြစ်တယ်။ ဒါရိုက်တာအနေနဲ့လည်း သရုပ်ဆောင်ပညာနဲ့ပတ်သက်ပြီး အများကြီးသင်ပေးပါတယ်။ သီချင်းဆိုတာကတော့ ငယ်ငယ်ကတည်းကဖြစ်ချင်ခဲ့တာဆိုတော့ ဝါသနာအရမ်းကြီးပြီး ဖြစ်အောင်ကြိုးစားခဲ့တာပါ။ အခု သရုပ်ဆောင်တာကျတော့ အသက် ၂၉ ကျော်မှလုပ်ဖြစ်တာပါ။ ဇာတ်ဝင်ခန်းအရတော့ အခုရိုက်ခဲ့တဲ့ ချာမ်းဇာတ်လမ်းတွဲမှာ ကျွန်တော်ရိုက်ချင်တဲ့ ကာရိုက်တာတွေ၊ လုပ်ချင်တာတွေကို ဒါရိုက်တာနဲ့တိုင်ပင်ပြီး လုပ်ဖြစ်ပါတယ်။ စိတ္တဇလူသတ်တဲ့ကာရိုက်တာလည်း ကျွန်တော်အရမ်းလုပ်ကြည့်ချင်တယ်" ဟု ဘန်နီဖြိုးကပြောသည်။



ဘန်နီဖြိုးသည် နောက်ပိုင်းတွင် အဆိုပိုင်းကိုသာ အဓိကလုပ်ဆောင်သွားမည်ဖြစ်ပြီး သရုပ်ဆောင်ပိုင်းတွင်လည်း ဂီတနှင့်မျှတအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ခြင်းသည် ပရိသတ်များအတွက် အနုပညာအသစ်အဆန်းချပြခြင်းဖြစ်ကြောင်း သိရသည်။

**အေးမြတ်မိုး**

# ကြောက်ကြောက်ကြောက် ရုပ်ရှင်ဇာတ်ကား ဇွန်လတွင် ရိုက်ကူးမည်



ရန်ကုန် မေ ၃၀

နာမည်ကြီးအနုပညာရှင်ပေါင်းများစွာ ပါဝင်မည့် ကြောက်ကြောက်ကြောက် ရုပ်ရှင်ဇာတ်ကားကို ဇွန် ၁၈ ရက်တွင် ပြင်ဦးလွင်မြို့၌ စတင်ရိုက်ကူးသွားမည်ဖြစ်ကြောင်း Myanmar Media 7 ဥက္ကဋ္ဌ ကိုဝေမင်းမောင်က ပြောသည်။

"ဒီရုပ်ရှင်ဇာတ်ကားက ဟာသကားသက်သက်ပါ။ ဒီဇာတ်ကားထဲမှာ အနုပညာရှင်တွေ အများကြီးပါဝင်တဲ့အတွက် ကြည့်ရှုတဲ့ပရိသတ်တွေလည်း အမြင်ဆန်းသစ်စေမှာပါ။ ကြောက်ကြောက်ကြောက်လို့ ပေးဖြစ်တာကလည်း နာမည်လေးဆန်းသစ်သွားအောင်လို့ပါ" ဟု ၎င်းကပြောသည်။

ယင်းရုပ်ရှင်ဇာတ်ကားသည် သရဲဟာသဇာတ်ကားဖြစ်ပြီး ဇာတ်ညွှန်း ရာဇဝင်ကိုရေးသားကာ ဒါရိုက်တာဩရသက ရိုက်ကူးမည်ဖြစ်သည်။ အနုပညာရှင်များအနေဖြင့် အကယ်ဒမီနေတိုး၊ ထွန်းထွန်း၊ မင်းသွေး၊ အလင်းရောင်၊ သိန်းလင်းစိုး၊ ဂျိုကာ၊ ဖြိုးဇော်လင်း၊ ခင်ဝင့်ဝါ၊ နန်းမြတ်ဖြိုးသင်း၊ ပိုပိုနှင့် မေမြင့်မိုရ် စသည့်အနုပညာရှင်ပေါင်းများစွာ ပါဝင်မည်ဖြစ်သည်။ ယင်းရုပ်ရှင်ဇာတ်ကားကို အချိန်တစ်လကြာ ရိုက်ကူးသွားမည်ဖြစ်ပြီး ဆင်ဆာပြီးစီးချိန်တွင် ရုံတင်ပြသမှု စနစ်အပေါ် မူတည်၍ ရုံတင်မည့်ရက်ကို ပြောကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးမြတ်မိုး**

# တောင်ကိုရီးယားထိပ်တန်းကြော်ငြာမော်ဒယ်လ်စာရင်းတွင် ဆောင်ဂျွန်ကီက နံပါတ် (၁) နေရာ၌ သုံးလဆက်တိုက်ရပ်တည်



ဆိုးလ် မေ ၃၀

Korea Institute of Corporate Reputation ကကြီးမှူးကျင်းပသည့် တောင်ကိုရီးယားနိုင်ငံ၏ ထိပ်တန်းကြော်ငြာမော်ဒယ်လ် ၃၃ ဦးစာရင်းတွင် Descendants of the Sun ဇာတ်ကားဖြင့် ကမ္ဘာတစ်ဝန်းမှပရိသတ်များ၏ စိတ်နှလုံးကိုဖမ်းစားနိုင်ခဲ့သူ မင်းသားဆောင်ဂျွန်ကီက နံပါတ် (၁) နေရာ၌ သုံးလဆက်တိုက် ဆက်လက်ရပ်တည်နေကြောင်း သိရသည်။

အဆိုပါထိပ်တန်းကြော်ငြာစာရင်းတွင် နိုင်ငံကျော်ဘေ့စ်ဘောကစားသမား လီဒေးဟိုက ဒုတိယနေရာကိုလည်းကောင်း၊ Cheese in the Trap ဇာတ်ကားမှ မင်းသမီးကင်မ်ဂိုအန်းက တတိယနေရာကိုလည်းကောင်း အသီးသီးရရှိခဲ့သည်။

Korea Institute of Corporate Reputation သည် အဆိုပါစာရင်းအတွက် ပြီးခဲ့သည့်လက အချက်အလက်ပေါင်း ၄၃၇၉၀၈၈၀ ခုကိုကောက်ခံပြီးနောက် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဆောင်ဂျွန်ကီသည် မတ်လနှင့်ဧပြီလကလည်း အဆိုပါစာရင်းတွင် နံပါတ် (၁) နေရာကိုရရှိခဲ့သူဖြစ်ကြောင်း သိရသည်။

***Ref: All Kpop***

# ကလေးငယ်များရန်ပုံငွေအတွက် S.E.S အဖွဲ့က ဈေးရောင်းပွဲတော်ကျင်းပ



ဆိုးလ် မေ ၃၀

နာမည်ကြီး Kpop အဆိုအဖွဲ့ဖြစ်သည့် S.E.S အဖွဲ့သည် ကလေးငယ်များကိုကူညီပံ့ပိုးရန် S.E.S Green Heart Bazaar ဟုအမည်ပေးထားသော ရန်ပုံငွေဈေးရောင်းပွဲတော်ကို (၈) ကြိမ်မြောက် ကျင်းပခဲ့ကြောင်း သိရသည်။

S.E.S အဖွဲ့သည် ရန်ပုံငွေဈေးရောင်းပွဲတော်ကို နှစ်စဉ်ကျင်းပလေ့ရှိပြီး အဆိုပါပွဲတော်၌ S.E.S အဖွဲ့ဝင်များ၏အသုံးအဆောင်ပစ္စည်းများကို အမှတ်တရအနေဖြင့် ရောင်းချခဲ့ခြင်းဖြစ်သည်။

ထို့နောက် ပွဲတော်မှရရှိသည့်ငွေကြေးများကို ကလေးငယ်များအတွက်အမှန်တကယ်လိုအပ်သည့်နေရာများ၌ လှူဒါန်းခဲ့ကြသည်။

အဆိုပါရန်ပုံငွေဈေးရောင်းပွဲတော်သို့ ပရိသတ် ၁၀၀၀ ကျော် လာရောက်အားပေးကြပြီး ပရိသတ်များမှာ ကလေးငယ်များအတွက် လှူဒါန်းနိုင်ရန်ရည်ရွယ်ချက်ဖြင့်ဈေးရောင်းပွဲတော်သို့ လာရောက်အားပေးကြခြင်းဖြစ်ကြောင်း သိရသည်။

***Ref: All Kpop***

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဆင်းရဲသည့် အစည်းအရုံးဝင်သားသမီးများကို ပညာသင်စရိတ်ပံ့ပိုးပေးမည်

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဆင်းရဲသည့် အစည်းအရုံးဝင်သားသမီးများကို ဇွန်လအတွင်း ပညာသင်စရိတ်ပံ့ပိုးသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းပညာသင်စရိတ်သည် တစ်နှစ်ပတ်လုံးစာအတွက် မဟုတ်ဘဲ ကျောင်းစတင်တက်ရောက်မည့်အချိန်တွင် လိုအပ်သည့်ပစ္စည်းများကိုလှူဒါန်းခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဒုတိယဥက္ကဋ္ဌဦးအေးကြူလေးကပြောသည်။

ပညာသင်စရိတ်ပံ့ပိုးပေးရာတွင် လှူဒါန်းမည့်အလှူခံပစ္စည်းများကို ဇွန် ၁၅ ရက်နောက်ဆုံးထား လက်ခံမည်ဖြစ်ပြီး ဇွန်လနောက်ဆုံးပတ်တွင် လှူဒါန်းနိုင်ရန်စီစဉ်ထားကြောင်း၊ ယင်းပညာသင်စရိတ်ပံ့ပိုးမှုကို လူဦးရေအကန့်အသတ်မရှိလျှောက်ထားနိုင်ပြီး တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ အပြင် ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ပေတံ၊ လွယ်အိတ်၊ ထီးနှင့် မိုးကာများ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးမြတ်မိုး**


www.facebook.com/themyawadydaily

# ဝင်ငွေရလွယ်ပြီးဈေးကွက်ဝယ်လိုအား ကောင်းလာသောကြောင့် ပိန္နဲပင် တိုးချဲ့စိုက်ပျိုးမှုများလာ



ရန်ကုန် မေ ၃၀

ပြည်တွင်းအသီးအနှံဈေးကွက်တွင် နိုင်ငံ၏တတိယထုတ်ကုန်အဖြစ် အခြေအနေကောင်းလာသောပိန္နဲဈေးကွက်မှာ ဝယ်လိုအားများလာကာ တိုးချဲ့စိုက်ပျိုးမှုများရှိလာကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါပိန္နဲသီးမှာတစ်လုံးလျှင် အရွယ်အစားပေါ်မူတည်၍ ငွေကျပ် ၄၀၀၀ မှ ၁၂၀၀၀ အထိ ဈေးနှုန်းရရှိသည့်အတွက် စီးပွားဖြစ်စိုက်ပျိုးသူ များလာခြင်းဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ဈေးကွက်ရှိလာပြီး ဝယ်လိုအားများလာသောကြောင့် ပိန္နဲပင်တိုးချဲ့စိုက်ပျိုးမှုများပြားလာကာ နိုင်ငံခြားမျိုးတစ်ခုဖြစ်သည့်ရွက်ကြီးမျိုးကို တိုးချဲ့စိုက်ပျိုးသူ များပြားလာကြောင်း သိရသည်။ နိုင်ငံခြားမျိုး ပိန္နဲရွက်ကြီးမျိုးပင် တစ်ပင်လျှင် ငွေကျပ် ၅၀၀၀ မှ ၇၀၀၀ ဝန်းကျင်အထိရှိကြောင်း သိရသည်။

ပိန္နဲသီးမှာ ဝင်ငွေရလွယ်သည့် သီးနှံဖြစ်ခြင်းကြောင့် ခြံစိုက်ပျိုးသူများအနေဖြင့် တိုးချဲ့စိုက်ပျိုးသင့်သော အပင်မျိုးဖြစ်သည်။

ပိန္နဲပင်သည် တောင်ကုန်းများ၊ ရေမဝပ်သည့်မြေများနှင့် ဂဝံမြေများတွင်လည်း စိုက်ပျိုး၍ရနိုင်ကြောင်း သိရသည်။

**နေနေ**

# မွေးမြူရေးကဏ္ဍတွင် အစာတင်ပို့မှုကို ထိန်းချုပ်သင့်ပြီး အစာတင်သွင်းမှုကို အခွန်ကင်းလွတ် ခွင့်ပြုစေလို

ရန်ကုန် မေ ၃၀

မွေးမြူရေးကဏ္ဍတွင် တိရစ္ဆာန်အစာအတွက် သီးနှံများကိုမကြိုတ်ခွဲတဲ တင်ပို့မှုကို ထိန်းချုပ်သင့်ပြီး အစာတင်သွင်းမှုကိုလည်း အခွန်ကင်းလွတ်ခွင့်ပြုစေလိုကြောင်း မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့ပြင် ငါး၊ ပုစွန်မွေးမြူရေးကဏ္ဍနှင့် ကုန်သွယ်ရေးတွင်လည်း နိုင်ငံတော်မှအလေးထားဆောင်ရွက်ပေးရန်လိုအပ်ပြီး ပင်လယ်ပြင် ငါးခိုးဖမ်းဆီးမှုများနှင့် နယ်စပ်ကုန်သွယ်မှုကို ကြပ်မတ်ဆောင်ရွက်ပေးစေလိုကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ငါးနှစ်အတွင်းရေထွက်ပို့ကုန်တန်ဖိုးသုံးဆအထိတိုးမြှင့်နိုင်ရန် ရည်မှန်းထားသော်လည်း ရေလုပ်ငန်းကဏ္ဍအနေဖြင့် အခက်အခဲရှိနေပြီး နိုင်ငံတော်၏ပံ့ပိုးကူညီမှုများလိုအပ်နေကြောင်း သိရသည်။

လက်ရှိတွင် ရေထွက်ကုန်ပြည်ပတင်ပို့မှုသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့်ရရှိနေပြီး အနာဂတ်ရည်မှန်းချက်အရ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံရရှိရန် လိုအပ်နေကြောင်း သိရသည်။

"အဲဒီလောက်ရဖို့ ကြိုးစားမယ်ဆို ပင်လယ်ပြင်က ငါး၊ ပုစွန်ဖမ်းဆီးရရှိမှု ပိုတက်လာဖို့တော့မရှိဘူး။ ပင်လယ်ကဖမ်းပြီး တစ်ဖက်နိုင်ငံကို ခိုးပို့တာမရှိရင်၊ နယ်စပ်ကုန်သွယ်ရေးကို ကြပ်မတ်နိုင်ရင်၊ ကုန်ချောတင်ပို့နိုင်ရင်၊ ပုစွန်မွေးမြူရေးကို အဓိကထားလုပ်ရင် ဖြစ်နိုင်ပါတယ်။ အဲဒီလိုဖြစ်ဖို့ရာ နိုင်ငံတော်က ကူညီပေးမှရမှာပါ" ဟု ရေထွက်ကုန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

(၇၇၃)

# အသားတိုးကြက်ဈေးနှုန်းကျဆင်းမှုကြောင့် မွေးမြူသူများ စီးပွားရေးအရ တွက်ခြေမကိုက်ဖြစ်နေ



ရန်ကုန် မေ ၃၀

ရာသီဥတုပူပြင်းခဲ့သည့်အတွက် မွေးမြူရေးကြက်ခြံများ၌ အသေအပျောက်များပြားနေပြီး လက်ရှိတွင် ဈေးကွက်အတွင်း အသားတိုးကြက် ခြံဖမ်းဈေးတစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀ ခန့်သာရှိနေသည့်အတွက် မွေးမြူသူများအနေဖြင့် တွက်ခြေမကိုက်ဖြစ်နေကြောင်း မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

မြန်မာနိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံဘက်မှ ကြက်အရှင်များလည်း တရားမဝင် ဝင်ရောက်နေပြီး ပြည်တွင်းကြက်တစ်ကောင်မွေးမြူသည့် ကုန်ကျစရိတ်မှာ တစ်ကောင်လျှင် ငွေကျပ် ၂၇၀၀ ခန့်ရှိနေသည့်အတွက် ပြည်ပမှတရားမဝင်တင်သွင်းလာသည့် ကြက်များနှင့် ဈေးကွက်ယှဉ်၍ ရောင်းချနိုင်ခြင်းမရှိကြောင်း သိရသည်။

မွေးမြူသူနှင့် စားသုံးသူများအကြား တွက်ခြေကိုက်သည့် အခြေအနေတစ်ခုဖန်တီးရန် လိုအပ်နေပြီဖြစ်ကြောင်း မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေသူများက သုံးသပ်ပြောသည်။

"ထိုင်းနိုင်ငံမှာဆိုရင် တိုင်းရင်းကြက်ကို အဆင့်မြှင့်တင်တယ်။ တစ်လမွေးရင် အလေးချိန် တစ်ကီလိုကျော်လောက်ရတယ်။ မွေးမြူရေးလုပ်ကိုင်သူတွေ ဒီလိုမွေးမြူတဲ့စနစ်မျိုးနဲ့ ကျယ်ကျယ်ပြန့်ပြန့်မွေးမြူနိုင်ရင် ကြက်ပေါက်တွေကိုတင်သွင်းနိုင်မယ်။ လုပ်ငန်းရှင်တွေပိုင်းကလည်း ထိထိရောက်ရောက်လုပ်ကိုင်နိုင်ရင် ပြည်တွင်းက မွေးမြူသူတွေရဲ့ ဝင်ငွေတွေလည်း တိုးလာနိုင်ပါတယ်" ဟု မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းစိန်ကပြောသည်။

ထို့ပြင် ဈေးကွက်၌ရောင်းချလျက်ရှိသည့် ကြက်ဥဈေးကွက်မှာလည်း ရောင်းသူနှင့် ဝယ်သူကြား ဈေးနှုန်းကို ထိန်းရောင်းနေရသည့်အခြေအနေဖြစ်ပြီး ရောင်းချသူတို့မှာလည်း တွက်ခြေမကိုက်ကြောင်းနှင့် ဘဲဥဈေးကွက်မှာ ထိုင်းနိုင်ငံမှဝင်ရောက်လာသည့် ဘဲဥများကို ရောင်းချမှုများလည်း ရှိနေကြောင်း သိရသည်။

ထို့ပြင် ရာသီဥတုပူပြင်း၍ မြစ်ချောင်းများ တိမ်ကောလာသဖြင့် သဘာဝအတိုင်း မွေးမြူထုတ်လုပ်နိုင်မှု လျော့နည်းလာသည့်အတွက် ထိုင်းနိုင်ငံကဲ့သို့ ခြံအတွင်း မွေးမြူသည့်စနစ်ကို ကျင့်သုံးသင့်ကြောင်း မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

(၇၇၃)

# အစာကုန်ကြမ်းဈေးနှုန်းများ ဆက်လက်မြင့်တက်လာမည်ဆိုပါက မွေးမြူရေးလုပ်ငန်းများ အခက်အခဲရှိလာနိုင်

ရန်ကုန် မေ ၃၀

ပြည်တွင်း၌ မွေးမြူထုတ်လုပ်သည့် လုပ်ငန်းများ၏ ၈၀ ရာခိုင်နှုန်းမှာ အစာကုန်ကြမ်းများကို အဓိကထား အသုံးပြုနေရသည့်အတွက် အစာကုန်ကြမ်းဈေးနှုန်းများ ပိုမိုမြင့်တက်လာပါက မွေးမြူရေးလုပ်ငန်းများတွင် အခက်အခဲများရှိလာနိုင်ကြောင်း မြန်မာနိုင်ငံငါး၊ ပုစွန်အစာထုတ်လုပ်ရောင်းဝယ်သူများအသင်းမှ သိရသည်။

လတ်တလောတွင် ဆီထွက်သီးနှံများမှထွက်ရှိသည့် အစာဈေးနှုန်းများမှာ အနည်းငယ်ကျဆင်းလာသော်လည်း ဖွဲနုဈေးနှုန်းမှာ သိသိသာသာမြင့်တက်လာသည်။ ၂၀၁၄ ခုနှစ်တွင် ဖွဲနုတစ်ပေါင်လျှင် ငွေကျပ် ၈၅ ကျပ်မှ ၂၀၁၆ ခုနှစ် မေလတွင် တစ်ပေါင်လျှင် ငွေကျပ် ၁၃၃ ကျပ်အထိ မြင့်တက်လာကြောင်း၊ ယင်းနှုန်းထားအတိုင်း ဆက်လက်မြင့်တက်နေမည်ဆိုပါက မွေးမြူရေးလုပ်ငန်းများအတွက် အခက်အခဲများရှိလာနိုင်ကြောင်း သိရသည်။

ယင်းကဲ့သို့ ဖွဲနုဈေးနှုန်းများမြင့်တက်လာရခြင်းသည် ဆန်စက်လည်ပတ်မှုနှုန်းပေါ် မူတည်၍ စက်မလည်ပတ်နိုင်ပါက ဆန်မှထွက်ရှိသည့် ဘေးထွက်အစာကုန်ကြမ်းများလည်း ရရှိမှုနည်းပါးလာကာ ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

**နေနေ**

# ကလေးဒေသမှထွက်ရှိသည့် လိုက်ချီးသီး အိန္ဒိယနိုင်ငံက ဝယ်ယူမှုများလာ

ကလေး မေ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသမှထွက်ရှိသည့် လိုက်ချီးသီးများကို အိန္ဒိယနိုင်ငံမှ ဝယ်ယူမှုများလာကြောင်း သစ်သီးဒိုင်များ၏ ပြောကြားချက်အရ သိရသည်။

လိုက်ချီးသီးများကို အိန္ဒိယနိုင်ငံသို့ တင်ပို့ရောင်းချရာတွင် လက်လီဈေးအနေဖြင့် ၁၀ လုံးလျှင် ငွေကျပ် ၃၀၀၊ လက်ကားဈေးအနေဖြင့် အလုံး ၁၀၀ လျှင်ငွေကျပ် ၂၅၀၀ ဖြင့်ရောင်းချကြောင်း သိရသည်။

အဆိုပါလိုက်ချီးသီးများကို အိန္ဒိယနိုင်ငံ မဏိပူရရှိ သစ်သီးဒိုင်များမှ ဝယ်ယူကြပြီး တစ်ဆင့်ခံ အနေဖြင့် ဂိုဟာ၊ ကိုးလ်ကတ္တား မြို့တို့သို့ ပြန်လည်ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံက ယခုနှစ်အတွင်း ကလေးဒေသမှထွက်ရှိသည့် လိုက်ချီးသီးများကို ထွက်ရှိသလောက်ဝယ်ယူရန် ကုန်သည်များအား ကမ်းလှမ်းထားကြောင်း သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံမှ သစ်သီးဒိုင်များသည် ကလေးဒေသမှ ရာသီအလိုက်ထွက်ရှိသည့် သီးနှံများဖြစ်သော အုန်းသီး၊ သရက်သီး၊ ဖရဲသီး၊ မျောက်ငိုသီး၊ ကွမ်းသီးစိုနှင့် မန်ကျည်းသီးများကိုလည်း ဝယ်ယူကြောင်း သိရသည်။

ကလေးဒေသရှိ လိုက်ချီးသီးရောင်းချသူတချို့မှာ မန္တလေးမြို့နှင့် ပြည်တွင်းရှိ တခြားမြို့ကြီးများသို့လည်း တင်ပို့ရောင်းချကြကြောင်း သိရသည်။

**သီရိ**

www.facebook.com/themyawadydaily



# ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်ခွင့်တွင် ယခင်နှစ်များကဲ့သို့ တက္ကသိုလ်ဝင်တန်းအမှတ်ဖြင့်သာခွဲမည်

ရန်ကုန် မေ ၃၀

၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရာတွင် ယခင်နှစ်များအတိုင်း တက္ကသိုလ်ဝင်တန်းအမှတ်ဖြင့်ခွဲ၍ ဝင်ခွင့်လက်ခံမည်ဖြစ်သဖြင့် တက္ကသိုလ်ဝင်ခွင့်စနစ်မပြောင်းလဲသေးကြောင်း ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"တက္ကသိုလ်ဝင်ခွင့်ကတော့ လောလောဆယ်အထိ တက္ကသိုလ်ဝင်တန်းအမှတ်ကိုပဲမူတည်ပြီး ခွဲပါတယ်။ ဒီနှစ်မှာလည်း အဲဒါကိုမူတည်ပြီး ဆက်ခွဲဦးမှာဖြစ်ပါတယ်" ဟု ၎င်းကဆက်လက်ပြောသည်။

ထို့ပြင် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ ဝင်ခွင့်ပြုလုပ်ပြီးပါက နောက်ပိုင်းတွင် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်မှုနှင့် ပတ်သက်၍ ၎င်းတို့၏ဆန္ဒကိုအခြေခံပြီး သက်ဆိုင်ရာကျောင်းက သတ်မှတ်ထားသော အရည်အချင်းပြည့်မီမှုအရ သင်ယူလိုသောပညာရပ်နှင့် ကျောင်းတို့ကို လွတ်လပ်စွာရွေးချယ်ခွင့်ရှိစေရန် အမျိုးသားပညာရေးဥပဒေပြင်ဆင်သည့်ဥပဒေတွင် ဖော်ပြထားကြောင်း သိရသည်။

(၄၄၇)




နွားနို့တိုက်ပါ

ကိုယ်ခန္ဓာဖွံ့ဖြိုးစေဖို့

ကျန်းမာသန်စွမ်းစေဖို့

ဉာဏ်ရည်ဉာဏ်သွေးကောင်းစေဖို့

အသားအရေလှပစေဖို့

ကျောင်းနေအရွယ် သင့်ကလေးကို

နွားနို့တိုက်ပါစို့။


# ရာသီဥတုနှင့် ကိုက်ညီသည့် စပါးမျိုးစေ့များကို ဒေသအလိုက် ဦးစားပေး ဖြန့်ဖြူးပေးသွားမည်

ရန်ကုန် မေ ၃၀

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ရာသီဥတုနှင့်ကိုက်ညီမည့် စပါးမျိုးစေ့များကို ဒေသအလိုက် ဦးစားပေးဖြန့်ဖြူးပေးသွားရန် စီစဉ်လျက်ရှိကြောင်း ဇဟိုစိုက်ပျိုးရေးစံပြခြံ (မြန်မာ့ဆန်စပါးသုတေသန)မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

လတ်တလောတွင် မျိုးစေ့လောက်ငရေးအတွက် ဒေသတိုင်း၌ သက်ဆိုင်ရာအစိုးရအဖွဲ့များနှင့်ညှိနှိုင်း၍ အရန်မျိုးထားရှိမှုများရှိကြောင်း၊ အယ်လ်နီညိုဖြစ်စဉ်ပြီးပါက လာနီညာဖြစ်စဉ် ပေါ်လာဦးမည်ဖြစ်သည့်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးအလိုက် သက်တမ်းတိုစပါးများဖြစ်ကြသည့် သီးထပ်ရင်ကဲ့သို့သော စပါးမျိုးစေ့၊ အညာဒေသ၌ ရက် ၉၀ မျိုးနှင့် ရတနာတိုးစပါးမျိုးစေ့များကို အရန်မျိုးများအဖြစ်စုစည်းထားကြောင်း သိရသည်။

ထို့ပြင် ယခင်က သက်ကြီးနှင့်သက်လတ်စပါးမျိုးစိုက်ပျိုးသည့်နေရာများ၌ ရာသီဥတုအပြောင်းအလဲကြောင့် ရေအခက်အခဲများနှင့် လုပ်သားအခက်အခဲများရှိလာနိုင်သည့်အပြင် မုတ်သုံအဝင်နောက်ကျကာ အထွက်စောနိုင်သောကြောင့် သက်တမ်းတိုမျိုးများကို ဖြန့်ဖြူးပေးသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"သက်တမ်းတိုမျိုးတွေရရှိဖို့ လုပ်ငန်းလုပ်နေတာတွေရှိပါတယ်"ဟု ၎င်းကဆက်လက်ပြောသည်။

လတ်တလောတွင် ဇဟိုစိုက်ပျိုးရေးစံပြခြံ(မြန်မာ့ဆန်စပါးသုတေသန) အနေဖြင့် စပါးမျိုးစေ့ဖြန့်ဖြူးရာတွင် ခြံတည်ရှိရာဒေသ၏ တိုင်းဒေသကြီးများကို ဦးစားပေးဖြန့်ဖြူးပေးနေပြီး တိုင်းဒေသကြီးများ၌ ပိုလျှံပါကနီးစပ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့သို့ ဖြန့်ဖြူးပေးကြောင်း သိရသည်။ **နေနေ**

## ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတက်ရောက်လာသူများနှင့် တွေ့ဆုံမေးမြန်းခြင်း

**ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ်ပွဲကို မေ ၃၀ ရက်နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၌ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားတွင် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် နံရံကပ်ပိုစတာပြိုင်ပွဲ၌ဆုရရှိသူများကိုလည်း ဆုချီးမြှင့်ခဲ့သည်။ ဆုရရှိသူများနှင့် တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့သည်များကိုဖော်ပြလိုက်ပါသည်-**

"ဆေးလိပ်နဲ့ကွမ်းယာသုံးစွဲနေတဲ့သူတွေ ဖြတ်ချင်တယ်ဆိုရင် အွန်လိုင်းကနေတစ်ဆင့်အကြံဉာဏ်တွေကို ဝန်ဆောင်မှုပေးဖို့ကြိုးစားနေပါတယ်။ အခုအခါမှာတော့ ဆေးလိပ်ကွမ်းယာဖြတ်ချင်သူတွေ ဖုန်း-၀၁-၃၉၅၂၀၇ ကိုဆက်သွယ်ပြီး အကြံဉာဏ်ရယူနိုင်ပါတယ်…"

ပါမောက္ခဒေါက်တာနေစိုးမောင်



ပါမောက္ခဒေါက်တာနေစိုးမောင်



ဗိုလ်ဉာဏ်လင်းထက်



မငွေးရတနာဝင်း



မယဉ်မင်းအောင်

**ပါမောက္ခဒေါက်တာနေစိုးမောင်**
**(ပါမောက္ခချုပ်၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်)**

ဆေးရွက်ကြီးမှာပါတဲ့ နီကိုတင်းတွေက လူတွေရဲ့ ကျန်းမာရေးကိုထိခိုက်စေတယ်။ စွဲလမ်းစေတယ်။ ကင်ဆာဖြစ်စေတဲ့ဓာတ်တွေရှိတဲ့အပြင် အနီးပတ်ဝန်းကျင်မှာရှိတဲ့လူတွေကိုထိခိုက်စေတဲ့ ကယ်မီကယ်တွေကထောင်နဲ့ချီပြီးရှိနေတယ်။ ဆေးလိပ်နဲ့ကွမ်းယာသုံးစွဲနေတဲ့သူတွေ ဖြတ်ချင်တယ်ဆိုရင် အွန်လိုင်းကနေတစ်ဆင့် အကြံဉာဏ်တွေကို ဝန်ဆောင်မှုပေးဖို့ကြိုးစားနေပါတယ်။ လက်ရှိမှာလည်း ဖုန်းနဲ့ဝန်ဆောင်မှုပေးနေပါတယ်။ အခုအခါမှာတော့ ဆေးလိပ်ကွမ်းယာဖြတ်ချင်သူတွေ ဖုန်း-၀၁-၃၉၅၂၀၇ ကိုဆက်သွယ်ပြီး အကြံဉာဏ်ရယူနိုင်ပါတယ်။

**ဗိုလ်ဉာဏ်လင်းထက်**
**(တပ်မတော်ဆေးတက္ကသိုလ်)**

ကျွန်တော်တို့ မြန်မာနိုင်ငံမှာအဖြစ်အများဆုံးရောဂါတွေကို ကြည့်လိုက်ရင် ဆေးလိပ်ကထိပ်ဆုံးကပါတယ်။ ဆေးလိပ်နဲ့ဆေးရွက်ကြီးက အလွယ်တကူရနေတဲ့အတွက်ကြောင့် မကောင်းဘူးဆိုတာကိုပညာပေးဖို့ ပိုပြီးလိုအပ်ပါတယ်။ ပြည်သူတွေပိုပြီးသိရှိလာအောင် ပညာပေးဖို့ကြိုးစားရဦးမှာပါ။ ဆေးလိပ်နဲ့ဆေးရွက်ကြီးဥပဒေဆိုတာလည်း ၂၀၀၆ မှာကတည်းက ပြဋ္ဌာန်းခဲ့ပြီးသားပါ။ အဲ့ဒီဥပဒေကလည်း လက်ရှိမှာ အသက်ဝင်ဖို့လိုပါတယ်။ အဲ့ဒီဥပဒေမှာ ပြဋ္ဌာန်းထားတာကလည်း ကျောင်းတွေ၊ အများပြည်သူနဲ့သက်ဆိုင်တဲ့နေရာတွေနဲ့ ပတ်ဝန်းကျင်တွေမှာ ဆေးလိပ်မသောက်ရဘူး၊ ဆေးလိပ်မရောင်းရဘူးဆိုတာရှိပြီးသားပါ။ အဲ့ဒါတွေကို အကောင်အထည်ဖော်ဖို့လိုအပ်ပါတယ်။

**မငွေးရတနာဝင်း(တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်)**
**နံရံကပ်ပိုစတာပြိုင်ပွဲ ပထမဆု**

ဆေးလိပ်နဲ့ဆေးရွက်ကြီးက လူကိုအန္တရာယ်ဖြစ်စေနိုင်ပါတယ်။ သောက်တဲ့သူကိုသာမက ဘေးပတ်ဝန်းကျင်မှာရှိတဲ့လူကိုပါ ကျန်းမာရေးထိခိုက်နိုင်တဲ့အတွက် လူတိုင်းရှောင်ကြဉ်သင့်ပါတယ်။ ဆေးလိပ်နဲ့ဆေးရွက်ကြီးကိုသောက်မယ်ဆိုရင် ငွေကုန်ကြေးကျများတယ်။အဲ့ဒီမှာသုံးမယ့်ပိုက်ဆံကို အာဟာရပြည့်ဝတဲ့အစားအသောက်တွေစားပြီး ကျန်းမာရေးကောင်းအောင်လုပ်သင့်တယ်လို့ထင်ပါတယ်။

**မယဉ်မင်းအောင်[သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)]**
**နံရံကပ်ပိုစတာပြိုင်ပွဲ ပူးတွဲပထမဆု**

ဒီပြိုင်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်တဲ့အတွက် ဆေးလိပ်နဲ့ကွမ်းယာ စတဲ့မူးယစ်စေတဲ့ပစ္စည်းတွေရဲ့ဆိုးကျိုးတွေကို အရင်ကထက်ပိုပြီးသိလာရပါတယ်။ အဲ့ဒီဆိုးကျိုးတွေက အကုန်လုံးပြောမပြနိုင်အောင်များပြားပါတယ်။ ဒီလိုဆိုးကျိုးတွေအများကြီးသက်ရောက်စေတဲ့ ဆေးလိပ်သောက်သုံးမှုနဲ့ မူးယစ်စေတဲ့ဆေးဝါးတွေကလူညွှန့်တုံးစေတဲ့အတွက် ရှောင်ကြဉ်သင့်ပါတယ်။ ။

ဇာနည်မောင်၊ နေကိုထိုက်

# ခရီးသွားလက်မှတ်များကို Online မှ တစ်ဆင့် ဝယ်ယူခြင်းများခေတ်စားလာ

ရန်ကုန် မေ ၃၀

ပြည်တွင်း၌ အဝေးပြေးယာဉ်လိုင်းတချို့မှ ခရီးစဉ်လက်မှတ်များကို Onlineမှတစ်ဆင့် ဝယ်ယူနိုင်ပြီဖြစ်သဖြင့် ခရီးသွားပြည်သူများအကြားတွင် ခေတ်စားလာကြောင်း သိရသည်။

"အလုပ်ကိစ္စနဲ့ မကြာခဏခရီးသွားနေရတဲ့ ပြည်သူတွေ Online ကနေ ခရီးသွားလက်မှတ်ကြိုတင်ဝယ်ယူနိုင်တော့အဆင်ပြေပါတယ်။ ကိုယ်လိုချင်တဲ့အချိန် ခုံနံပါတ်တွေကို ကြိုတင်ဝယ်ယူနိုင်တယ်။ ဒါ့အပြင် Online ကနေဝယ်ယူပြီး နေ့ချင်းအိမ်အရောက်ပို့စနစ်ကြောင့် အဆင်ပြေပါတယ်"ဟု Online မှခရီးသွားလက်မှတ်များ ရောင်းချပေးနေသည့် အဝေးပြေးယာဉ်လိုင်းတစ်ခုမှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

ထို့ပြင် Online မှတစ်ဆင့် မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်းများမှ လက်မှတ်များကိုအိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများမှပါ ဝယ်ယူနိုင်ရန်အတွက်ချိတ်ဆက်မှုများပြုလုပ်နေပြီး ATM ကတ်နှင့် Mobile Money တို့ဖြင့် ငွေပေးချေနိုင်ရန်စီစဉ်နေကြောင်း သိရသည်။ **သီရိ**

www.facebook.com/themyawadydaily

# မိုင်းပျဉ်းမြို့နယ်အတွင်းရှိ ကျေးရွာတချို့တွင် SSA (ရှက်ဆစ်)အဖွဲ့မှ အဓမ္မလူသစ်စုဆောင်းခြင်းနှင့် ဆက်ကြေးကောက်ခံခြင်းများပြုလုပ်

နေပြည်တော် မေ ၃၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်၊ ကိုးမိုင်ကျေးရွာသို့ မေ ၂၉ ရက်တွင် တာကော်ကျေးရွာအုပ်စု၊ နမ့်ငင်းကျေးရွာနှင့် ဝမ်မိုင်ကုန်းဆာကျေးရွာတို့မှ အိမ်ထောင်စုများပြောင်းရွှေ့ရောက်ရှိလာခဲ့ပြီး ၎င်းတို့သည် SSA (ရှက်ဆစ်)အဖွဲ့၏ အဓမ္မလူသစ်စုဆောင်းမှုကြောင့် ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရှိရသည်။






တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက နမ့်ငင်းကျေးရွာနှင့် ဝမ်မိုင်ကုန်းဆာကျေးရွာများမှ ပြောင်းရွှေ့လာသူများအတွက် ဆန်၊ ဆီနှင့်စားသောက်ဖွယ်ရာများပေးအပ်စဉ်။

အဆိုပါပြောင်းရွှေ့လာသူများကို တာဝန်ရှိသူများက မေးမြန်းရာ SSA(ရှက်ဆစ်)အဖွဲ့သည် ၂၀၁၆ ခုနှစ်၊ ဧပြီလအတွင်း ယင်းကျေးရွာများမှ အသက် ၁၈ နှစ်နှင့် ၁၉ နှစ်ကြား အမျိုးသားများကို တစ်အိမ်ထောင်လျှင်တစ်ဦးနှုန်း လူသစ်စုဆောင်းပေးရန်နှင့် မစုဆောင်းနိုင်ပါက တစ်အိမ်ထောင်လျှင် ငွေကျပ်လေးသောင်းနှုန်းပေးအပ်ရန် တောင်းခံခဲ့ကြောင်း၊ ထို့ကြောင့် ကျေးရွာသူကြီးမှတစ်ဆင့် မေ ၄ ရက်တွင် တစ်အိမ်ထောင်လျှင် နှစ်သောင်းခွဲကျပ်နှုန်းဖြင့် ပေးဆောင်ခဲ့ရပြီး ကျန်ရှိငွေအား ထပ်မံပေးအပ်နိုင်ခြင်းမရှိ၍ ဆွေမျိုးများနေထိုင်ရာ ကျေးရွာများသို့ပြောင်းရွှေ့နေထိုင်ရန် ထွက်ခွာလာခြင်းဖြစ်ကြောင်းသိရသည်။

နမ့်ငင်းကျေးရွာမှ အိမ်ထောင်စု ငါးစု၊ လူဦးရေ ၂၁ ဦးနှင့် ဝမ်မိုင်ကုန်းဆာကျေးရွာမှ အိမ်ထောင်စု နှစ်စု၊ လူဦးရေ ၁၁ ဦး၊ စုစုပေါင်း ၃၂ ဦး ပြောင်းရွှေ့လာခြင်းဖြစ်ပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ ပြောင်းရွှေ့လာသူများအတွက် ဆန် သုံးအိတ်၊ ဆီ ခြောက်ပိဿာနှင့် စားသောက်ဖွယ်ရာများ၊ မိုင်းပျဉ်းမြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ဆန် ခုနစ်အိတ်နှင့် ကလေးများအတွက် ကျောင်းဝတ်စုံ ၂၀ စုံတို့အား ပေးအပ်ခဲ့ပြီး တပ်မတော်ဆေးကုသရေးအဖွဲ့က လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။

SSA(ရှက်ဆစ်)အဖွဲ့သည် မေလအတွင်းကလည်း မိုင်းပျဉ်းမြို့နယ်၊ ဆင်မောင်းကျေးရွာအုပ်စုအတွင်း ကျေးရွာများရှိ တည်းခိုခန်းများ၊ စားသောက်ဆိုင်များနှင့် နေအိမ်ဈေးဆိုင်များမှ ဆက်ကြေးငွေများကောက်ခံခဲ့ကြောင်း သိရှိရသည်။ ထို့ကြောင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ ကျိုင်းတုံမြို့ရှိ SSA(ရှက်ဆစ်)အဖွဲ့ ဆက်ဆံရေးရုံးတာဝန်ခံအား ယနေ့တွင်ခေါ်ယူ၍ ပြည်သူလူထုအား ဆက်ကြေးငွေကောက်ခံခြင်းနှင့် လူသစ်စုဆောင်းခြင်းများ မပြုလုပ်ရန်၊ ယခုကဲ့သို့ပြုလုပ်နေခြင်းသည် ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေပြီး ငြိမ်းချမ်းရေးစာချုပ်ပါ သဘောတူညီချက်များအား ဖောက်ဖျက်ရာရောက်ကြောင်း သတိပေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## မိုးထစ်ချုန်းရွာမည်

၃၀-၅-၂၀၁၆

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဧလ)

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန်/ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်းအား ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။










# KIA လက်နက်ကိုင်အဖွဲ့ ထောင်ထားသော နင်းမိုင်းတစ်လုံးနင်းမိ၍ အပြစ်မဲ့ပြည်သူတစ်ဦးဒဏ်ရာရရှိ

နေပြည်တော် မေ ၃၀

ကချင်ပြည်နယ်၊ ဆင်ဘိုမြို့နယ်၊ တောပင်လုံကျေးရွာနေ ဦးစံထွန်း(ဘ)ဦးဖိုးထူးသည် ဦးတင်အောင်ဝင်း(ဘ) ဦးမောင်သောင်းနှင့်အတူ မေ ၂၉ ရက်မွန်းလွဲ ၂ နာရီခန့်တွင် တောထဲသို့ ကုလားပွေးခေါက်ရှာဖွေရန်သွားရောက်စဉ် ကျေးရွာ၏အနောက်ဘက် မိုင် ၃၀ ခန့်အကွာ၌ KIA လက်နက်ကိုင်အဖွဲ့ထောင်ထားသော နင်းမိုင်းတစ်လုံးနင်းမိပေါက်ကွဲသဖြင့် ဦးတင်အောင်ဝင်းအား မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သည်။

ဒဏ်ရာရလူနာအား ဆင်ဘိုမြို့ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူခဲ့ပြီး ၎င်းမှတစ်ဆင့် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိကြောင်းသတင်းရရှိသည်။ (၁၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwdpress@hotmail.co.uk



The scene after a teenager was killed by electrocution on Bogyoke Aung San Road on May 24, 2016.

# More than 50 die of electric shocks in Yangon since Jan

**Yangon May 30**

Dozens of people have been electrocuted in separate incidents in Yangon at construction sites and in their homes this month, according to Yangon Region Police Force, which have warned the members of public to exercise caution.

"Yangon has seen a number of deaths caused by electric shocks after it started to rain in the city. And negligence was to be blamed for most of the deaths. Three deaths were caused by faulty power lines and we are also investigating whether the death near Sakura Tower is because of electrocution (or) not," said a police officer from Yangon Region Police Force.

A boy aged 16 reportedly died after stepping into a puddle next to this electricity pole near Sakura Tower in downtown Yangon on May 24. A man died on the same day in Hmawby Township as power line dropped on him.

On May 28, a man aged 20 died of electric shock as he was painting at a worksite of Myanma Port Authority in Seikkan Township.

Over 50 persons have been electrocuted since the beginning of this year and township electricity supply authorities have been replacing old power lines with new ones following the increase of electric shock related deaths in May.

In 2015, over 200 people were electrocuted across the country, and Yangon alone saw over 100 cases. The faulty power lines caused deaths at markets in Kamayut and Hlaingthaya townships.

**447**

# Actions to be taken against unregistered traditional medicines

**Yangon May 30**

Public can file a complaint to the Nay Pyi Taw Traditional Medicine Department if they find selling and advertising unregistered traditional medicines in the market, said Dr. Ye Ye Myint, the director-general of the department.

The scrutinizing processes are being made in registration and advertising to ensure that the indigenous medicines have no side effects, said the director-general.

"We usually give the permit to sell medicines in the market only after carefully examining them. The problem here is that in some cases sample of medicine presented to the Traditional Medicine Department is different from the medicines sold in the market. Some sell traditional medicines without registration in the market. If we find such kind of unregistered medicines, we inform the producer again to register. If they don't follow it, we will take action," said Dr. Ye Ye Myint.

Moreover, the producers just described adult dosage and child dosage on the direction of the medicines in previous times. However, they have to give more accurate data of the medicines nowadays.

Anyone found producing or selling or distributing medicines blacklisted by the department will face fine/imprisonment or both.

**Aung**

# Salt farmers want government loans

**Yangon May 30**

Salt farmers in Mon State want to receive government loans for salt production like farmers do for their farming.

"It is just two years that salt prices have gone up a little. We have stopped farming salt because of salt prices decline and will have to reclaim our salt farm if we'll farm salt again. It will cost a lot. But if we receive loans from the government, we'll be able to do it," said a salt farmer U Tun Tin from Thanpyuzayat of Mon State.

Currently, the production cost for an acre of salt is around Ks-300,000 and it will be convenient for salt farmers if the government can provide a loan of Ks-200,000 per acre.

Tender has been invited for establishment of a caustic soda factory in Mon State's Thaton Township and it is estimated that around 50,000 to 70,000 metric tons of salt will be required for the factory, bringing opportunities for local salt farmers.

"To meet the demand of that factory, it is required that all salt farms are in operation," said U Khin Soe, manager of Mon State Myanmar Salt Enterprise.

"And we need government loans for farmers to operate at full capacity. The government needs to hold talks with salt manufacturers and farmers," said U Khin Soe.

Though there are around 5,600 acres of salt farms in Mon State, only 3,000 acres were operated in last salt production season because of salt prices decline, shortage of skilled workers and lack of capital.

**MMK**

www.facebook.com/themyawadydaily



# Ks-1 bln allotted for better drainage system in Yangon

**Yangon May 30**

Yangon Region Government should draw up a drainage master plan for Yangon with the help of foreign experts, said scholars involved in Yangon City Comprehensive Development Plan.

Many townships in Yangon Region suffer floods in the rainy season every year as poor drainage system and channels blocked by debris. The region government should deal with this problem urgently.

The problem remains unresolved even though the then-government carried out the clearance of drainage channels.

The region government will allot Ks-1 billion for the clearance of drainage channels in 13 townships including six downtown townships. It will prioritize townships where floods occur.

A total of Ks-14 billion were spent on the drainage system in the time of the previous government. Floods hamper transportation and the capital's dignity. **Soe Moe**



**People and vehicles wade through the flood in Yangon, Myanmar.**

# Entrepreneurs demand tax exemption on animal feed imports

**Yangon May 30**

Local entrepreneurs have called on the government to control exports of raw crops for feeds and give tax exemption on imports of animal feeds, according to an official of Myanmar Marine Products Producers and Exporters Association.

The government should pay attention to fish and prawn breeding sector and trade sector and supervise illegal fishing and border trade, said an official from the Myanmar Fishery Federation (MFF).

Fishery sector may face difficulties despite the Ministry of Commerce has set a goal of tripling earnings from marine products during five years. That sector is in need of the government's assistance, according to the MFF.

Currently, Myanmar has earned US$ about 500 million from exports of marine products. Now, US$ -1.5 billion is needed to hit the set target.

"There is no way to receive more earnings from sea fishing. The target will be hit if the government mainly focuses on a crackdown on illegal fishing, border trade, exports of finished marine products and prawn breeding. If not, the government will have to provide necessary assistance to them," a marine product entrepreneur said. **447**

# Public space with fitness equipment to be created in Mandalay

**Mandalay May 30**

Mandalay City Development Committee(MCDC) has proposed the Union government to take care of the lawn as public space between the city wall and moat near Mingalar Bridge in Mandalay in its 100-day plan.

The City Development Committee has asked the Union government to provide fitness equipment there so that residents can do exercise at the lawn, said joint secretary U Thet Naing Tun of MCDC.

"We'll use that place for mass fitness activities. We submitted proposal to the Union government to include it in the 100-day plan," said U Thet Naing Tun.

The lawn will be opened to the public for free between 6 am and 6 pm, upon equipping fitness equipment, he said. Previously, there were two gardens at the site of the proposed public space, according to Mandalay residents.

"Now, Mandalay does not have many shady places. I am happy that a public space will be created for doing exercises," said writer U Kyaw Than.

The proposed project is estimated to cost up to Ks-50 million and Mandalay City Development Committee has planned to carry out the works on its own. **MMK**

# GPS devices installed on passenger buses in Yangon

**Yangon May 30**

All Bus lines Supervisory Committee (Central) said it has installed GPS devices on 61 passenger buses in the last week of May to help smooth traffic flow in Yangon.

U Hla Aung, the chair of the committee said: "It is just like the installation of telematics system on highway buses. The test-installation aims to control drivers, bus conductors, buses and owners."

It is done under the management of Yangon Region Government. The installation of GPS devices on passenger buses aims to implement a better transportation system in the commercial city, Yangon. The GPS system helps officials in tracking traffic routes and solving traffic accidents. Officials are holding discussions on the installation of that system in the remaining passenger buses. **447**

# Online registration system for SMEs

**Yangon May 30**

The Small and Medium-sized Enterprises Development Department will introduce online registration system in coming June, its director U Swe Tint said.

Now, the department is preparing to open the courses for online registration in regions and states.

The course for foodstuff will last one week, two weeks for basic bamboo course and one and a half months for motorbike repairing course, tailoring course, carpenter course and welding course.

The current scrutinizing process has caused a delay in the registration of SMEs. The online registration system will help cut the times taken for registration.

"The introduction of online registration system aims to reduce times and develop local businesses," he added.

Normally, applicants have to wait for at least one month to two months based on the size of businesses. Thanks to the online system, applicants can carry out registration within a few days. The department will inform all applicants across the country about the online registration system when it is introduced.

The SMEs mean any businesses which use less than five horsepower motor. **Kay Kay**

# School health activities to start soon

**Yangon May 30**

As the new academic year will start soon, preparatory measures will be taken for school health activities, said an official of Yangon Region Health Department.

School health activities in the region give priority to prevention of diarrhoea and mosquito related diseases, while individual cleanness, upgrading school food stalls and awareness campaign on dyed foods and over-dated food are also included.

Sale of instant foods and dyed soft drinks at school food stalls must be supervised by teams formed with school heads and officials of Food and Drug Administration Department and the dissemination of health knowledge should be through student-parent relationship, he advised, adding, thanks to continuous health activities throughout the past successive years, annual breakout rates of diarrhoea and food poisoning can be reduced.

Apart from the 100-day program, school health activities are included in the five-year national strategic plan from 2016 to 2020. The plan also includes the task of providing adequate health care services in the whole country. **Soe Moe**

p-19.indd 1 www.facebook.com/themyawadydaily 5/30/2016 10:17:14 PM

www.facebook.com/themyawadydaily



# *Turkey offers US joint Syria operation -- without the Kurds*




**Turkey's President Recep Tayyip Erdogan, centre, poses for photographs with military chiefs of Balkan nations following his speech at their conference, in Istanbul Wednesday, May 11, 2016. (AP Photo/Lefteris Pitarakis)**

**Ankara May 30**

Turkey is offering to "join forces" with Washington for a special operation inside Syria on condition it doesn't include a Syrian Kurdish militia blacklisted by Ankara but seen as an ally by the US, the Foreign Minister said.

Washington's support of Kurdish fighters in Syria in the fight against Islamic State jihadists has angered Ankara, especially after AFP pictures last week revealed US commandos sporting patches of the Kurdish People's Protection Units (YPG) detested by Turkey.

"If we join forces, they (the US) have their own special forces and we have our special forces," Foreign Minister Mevlut Cavusoglu told a small group of journalists in the Mediterranean resort of Antalya.

Such a coalition could "easily" head to IS' de facto capital in Raqa to the south in a second front, he said.

There was no immediate reaction to the proposal from the United States, whose strategy for fighting jihadists inside Syria is pinned on its alliance with the battle-hardened Syrian Kurds.

The US is supporting an alliance of Kurdish and Arab fighters, the Syrian Democratic Forces (SDF), as the most effective fighting force on the ground against IS.

But the SDF is still dominated by the YPG, which Turkey sees as the Syrian branch of the Kurdistan Workers Party (PKK) which has fought a three decade insurgency against the Turkish state.

Cavusoglu said Syrian Arab opposition forces opposing the regime of President Bashar al-Assad could be backed up with special forces from Turkey, the United States as well as from France, Britain and Germany.

- 'Terror group as partner' -

"The subject we are discussing with the Americans is the closure of the Manbij pocket as soon as possible... and the opening of a second front," Cavusoglu said, referring to a backdoor border route favoured by IS for smuggling jihadists into and out of Syria.

"We say okay, a second front should be opened but not with the PYD," he said, referring to the Democratic Union Party, the YPG's political wing.

"Unfortunately, both Russia and the United States see a terrorist organisation as a partner and support it."

In Ankara, government spokesman Numan Kurtulmus declined to comment on details of any operation but said Turkey placed top priority on protecting a line stretching between Syria's flashpoint towns of Marea and Jarablus.

"Turkey is determined whatever is needed to protect the line from terrorist groups," he said on Monday after a cabinet meeting.

- 'US not keeping promise'-

The dispute over the role of the YPG has proved a major bone of contention in relations between the two NATO allies. Turkish President Recep Tayyip Erdogan at the weekend accused the US of dishonesty.

Cavusoglu lamented the delay in the delivery of American light multiple rocket launchers to be deployed along its border with Syria to combat IS.

The High Mobility Artillery Rocket System (HIMARS) was to have been deployed along the Turkish border by the end of May, but Cavusoglu said it would now only happen in August.

"The United States is unfortunately not keeping its promise," he charged.

"We are completely ready. Not us, but the US is responsible for the delay."

The system would allow Turkey to hit IS positions within a 90-kilometre (56-mile) range, while Turkish artillery has a more limited range of 40 kilometres.

Yet Turkish cooperation is critical for the US-led fight against IS, with coalition war planes using the southern Turkish base of Incirlik as a hub for attacks on the group.

Cavusoglu said US support for YPG was "very dangerous" for the future of Syria.

Asked if could have implications for the US use of Incirlik, he replied: "The United States is our NATO ally, model partner. To be honest, we don't want the business to reach that stage."

**AFP**

# Turkey warns Germany against 'genocide' vote on Armenians

**Ankara May 30**

Turkey on Monday strongly warned the German parliament against adopting a resolution recognising the mass killings of Armenians under the Ottoman Empire as genocide, saying it could have repercussions for bilateral ties.

The German lower house of parliament is set to vote on Thursday on the resolution over the two years of slaughter from 1915, which carries the contested word "genocide" throughout the text.

"Germany is our friend and our ally where many citizens of Turkish origin live," said Deputy Prime Minister and government spokesman Numan Kurtulmus. "Germany must be careful concerning its relations with Turkey."

"I do not think that the German parliament will destroy this relationship for the sake of two or three politicians" who put the resolution before the Bundestag, he added.

The debate over the resolution also comes at a hugely sensitive time in Berlin-Ankara relations.

Turkish authorities are angry over the failure to grant citizens visa-free travel to the EU and Germany is worried by the worsening rights situation in Turkey.

Turkish authorities have long lobbied Western allies not to recognise the killings as genocide and stepped up efforts last year on the 100th anniversary of the tragedy.

Armenians say up to 1.5 million were killed between 1915 and 1917 in a targeted campaign of genocide by top Ottoman officials to wipe out their people from Anatolia.

Modern Turkey insists comparable numbers of Armenians and Turks died in a a collective tragedy when Armenians sided with invading Russian troops in World War I.

**AFP**

www.facebook.com/themyawadydaily
p-20.indd 1 5/30/2016 8:25:17 PM

www.facebook.com/themyawadydaily



# Crocodile takes woman during night swim in Australia

**Sydney May 30**

A woman is feared dead after being seized by a crocodile during a night-time swim with a friend at a beach in northern Australia, with reports that she yelled "A croc's got me!" before disappearing.

The women went for a stroll on Thornton Beach on Sunday evening in the far north of Queensland state before making a fateful decision to take a dip in an area known to be infested with the reptiles.

"The woman was swimming with a female friend, also in her 40s, at 10.30pm when the incident occurred," police said in a statement.

Nine News cited witnesses as hearing the woman yell "A croc's got me, a croc's got me!"

Senior Constable Russell Parker said the women -- Australians visiting the area -- were in the water when one of them was grabbed, with her friend desperately trying to drag her to safety.

"They decided to take a swim in the ocean just in waist-deep water and at that point, we believe that a crocodile has taken one of the women, taken hold of her," he told the Australian Broadcasting Corporation.

"Her friend tried valiantly to drag her to the shore but unfortunately wasn't able to do so and the woman subsequently disappeared.

"Now her friend raised the alarm with a nearby business and they subsequently contacted the police."

A rescue helicopter was sent up with thermal imaging equipment but was unable to find her. Marine police also failed to do so when the search resumed on Monday.

Parker added that the surviving woman was "very, very shaken and shocked" but appeared to have escaped with only grazes.

The Brisbane Courier-Mail said Thornton Beach was next to a creek where croc-spotting tours were organised, and there were plenty of warning signs throughout the vicinity.

The attack is not the first in the area. A giant crocodile known as Big Jim took local postal worker Beryl Wruck in 1985 when she had a late-night swim about an hour's drive from Thornton Beach.

Crocodiles are common in Australia's tropical north and kill an average of two people each year.

Crocodile numbers have increased since the introduction of protection laws in 1971, with estimates putting the Northern Territory's population in the wild at about 100,000.

Despite the dangers they pose for swimmers, boaters and fishermen, the Australian government in 2014 rejected the idea of crocodile safari hunts -- saying there was a danger of "cruel and inhumane" behaviour.

**AFP**



Cindy Waldron, 46, who lives in Lithgow in New South Wales is still missing, after going for a night-swim in crocodile infested waters on Sunday with childhood friend, Leann Mitchell, 47, from Cairns.



# *China angry after Indonesia detains fishing boat*

**Jakarta May 30**

Beijing insisted Monday a Chinese boat detained close to Indonesian islands had been fishing legally, in a fresh flare-up of tensions between the countries in the South China Sea.

The Indonesian navy seized the Chinese boat in waters near the Natuna Islands on Friday for allegedly fishing illegally, the military said.

The boat was towed to shore and eight Chinese crew members have been detained.

Jakarta and Beijing have clashed before over the islands on the southwestern fringe of the disputed South China Sea, where China is also at loggerheads with several other countries because of its overlapping claims.

Chinese foreign ministry spokeswoman Hua Chunying insisted the detained vessel had been operating legally.

"The Chinese fishermen were conducting normal fishing operations in the relevant waters," she told a press briefing.

"We have made stern representations with Indonesia concerning this matter."

Achmad Taufiqoerrochman, the commander of Indonesia's Western Fleet, said the vessel -- the Gui Bei Yu -- was "strongly suspected" of having carried out illegal fishing because of the catch that was found onboard.

The military said the boat was detained in Indonesia's "exclusive economic zone", waters where a state has sole rights to exploit resources.

The boat's detention shows Indonesia "will enforce the law against boats that commit violations in Indonesia's jurisdiction", it added.

The most serious recent row between Jakarta and Beijing happened in March when Chinese coastguards rammed a Chinese boat detained near the Natunas and helped it escape as the Indonesians towed the vessel to shore.

Jakarta responded furiously, lodging a protest and summoning China's top envoy in Indonesia.

Indonesia does not have overlapping territorial claims in the sea with China, unlike other nations, but it objects to Beijing's claims as they overlap with the exclusive economic zone around the Natunas.

An increasing number of foreign trawlers have been detained in Indonesian waters after Jakarta in 2014 launched a tough crackdown on illegal fishing.

The clampdown involves sinking foreign boats caught fishing without a permit after impounding the boats and removing the crews.

**AFP**

# *Iraq forces push into streets of IS-held Fallujah*

**Baghdad May 30**

Iraqi forces thrust into the city of Fallujah from three directions on Monday marking a new and perilous urban phase in the week-old operation to retake the jihadist bastion.

The drive to recapture the first city to be lost from government control in 2014 came as fighting also raged in neighbouring Syria, leaving huge numbers of civilians exposed.

Led by the elite counter-terrorism service (CTS), Iraq's best trained and most seasoned fighting unit, the forces pushed into Fallujah before dawn, commanders said.

"Iraqi forces entered Fallujah under air cover from the international coalition, the Iraqi air force and army aviation, and supported by artillery and tanks," said Lieutenant General Abdelwahab al-Saadi, the commander of the operation.

"CTS forces, the Anbar (provincial) police and the Iraqi army, at around 4:00 am (0100 GMT), started moving into Fallujah from three directions," he said.

"There is resistance from Daesh," he added, using an Arabic acronym for IS.

CTS spokesman Sabah al-Noman told AFP: "We started early this morning our operations to break into Fallujah."

The involvement of the elite CTS marks the start of a phase of urban combat in a city where in 2004 US forces fought some of their toug-hest battles since the Vietnam War.

The week-old operation had previously focused on retaking rural areas around Fallujah, which lies just 50 kilometres (30 miles) west of Baghdad.

It had been led by the Hashed al-Shaabi paramilitary force, which is dominated by Tehran-backed Shiite militias.

They were still in action Monday, attempting to clear an area north-west of Fallujah called Saqlawiya, officers said.

Only a few hundred families have managed to slip out of the Fallujah area ahead of the assault on the city, with an estimated 50,000 civilians still trapped inside, sparking fears the jihadists could try to use them as human shields.

The only families who were able to flee so far lived in outlying areas, with the biggest wave of displaced reaching camps on Saturday night.

"Our resources in the camps are now very strained and with many more expected to flee we might not be able to provide enough drinking water for everyone," said Nasr Muflahi, the Norwegian Refugee Council's Iraq director.

"We expect bigger waves of displacement the fiercer the fighting gets."

**AFP**



www.facebook.com/themyawadydaily

# ဝန်ကြီးချုပ်ရှင်ဇိုအာဘေး ရာထူးမှနုတ်ထွက်ပေးရန် အတိုက်အခံပါတီခေါင်းဆောင်များတောင်းဆို



တိုကျို မေ ၃၀

ရှင်ဇိုအာဘေးက စားသောက်ခွန်နှုန်းထား တိုးမြှင့်မှုကို နှစ်နှစ်ခွဲရွှေ့ဆိုင်းရန် အစိုးရအဖွဲ့ အဆင့်မြင့်အရာရှိများအားပြောကြားပြီးနောက် တစ်ရက်အကြာတွင် ၎င်းအနေဖြင့် ရာထူးမှဆင်းပေးရန် ဂျပန်အတိုက်အခံပါတီခေါင်းဆောင်များက တောင်းဆိုခဲ့ကြောင်း NHK သတင်းဌာန၏ မေ ၃၀ ရက် ဖော်ပြချက်အရသိရသည်။

အဆိုပါစားသောက်ခွန်အား ၈ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ကောက်ခံရန် ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ကနဦးစီစဉ်ခဲ့သော်လည်း အာဘေးကအထွေထွေရွေးကောက်ပွဲပြုလုပ်ရန်အတွက် အောက်လွှတ်တော်အားဖျက်သိမ်းပြီး စားသောက်ခွန်တိုးမြှင့်မှုကို ၂၀၁၇ ခုနှစ် ဧပြီလအထိ ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။

အာဘေးအနေဖြင့် ပြည်သူလူထုအား ပြည့်စုံသော ရှင်းလင်းချက်တစ်ရပ်ပေးရန် လွှတ်တော်အတွင်း၌ ဘဏ္ဍာရေးကော်မတီအစည်းအဝေးပြုလုပ်သင့်ကြောင်း ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ကဇ်ဆူယာအိုကာဒါက မေ ၂၉ ရက်တွင် သတင်းထောက်များအား ပြောကြားထားသည်။

အာဘေး၏ ဝန်ကြီးချုပ်သက်တမ်းသည် နှစ်နှစ်ခွဲအတွင်းကုန်ဆုံးမည်ဖြစ်ပြီး ထိုသို့အခွန်နှုန်းထားတိုးမြှင့်မှု ရွှေ့ဆိုင်းခြင်းသည် အာဘေးအစိုးရအနေဖြင့် ၎င်းတို့၏သက်တမ်းအတွင်း အခွန်တိုးမြှင့်ကောက်ခံမှုကို ပြုလုပ်မည်မဟုတ်ဟု ဆိုလိုခြင်းဖြစ်ကြောင်းနှင့် ၎င်းအဆိုပြုချက်မှာ တာဝန်မဲ့ရာရောက်ကြောင်း အိုကာဒါကပြောကြားထားသည်။

ဂျပန်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ ကာဇူအိုရှီးက အာဘေး၏စီးပွားရေးမူဝါဒနှင့် စားသောက်ခွန်နှုန်းထားတိုးမြှင့်မည့်အစီအစဉ် နှစ်ရပ်လုံးသည် မအောင်မြင်ဘဲအဆုံးသတ်မည်ကို ထိုသို့ အခွန်နှုန်းထား တိုးမြှင့်ကောက်ခံမှု ရွှေ့ဆိုင်းခြင်းက သက်သေပြနေကြောင်း ပြောကြားသည်။

အာဘေးအနေဖြင့် ၎င်း၏မအောင်မြင်မှုအတွက် ကမ္ဘာ့စီးပွားရေးအခြေအနေကို အပြစ်တင်ရန် ကြိုးပမ်းလျက်ရှိကြောင်းနှင့် ဂျပန်နိုင်ငံ၏ စီးပွားရေးအခြေအနေအား မထိန်းချုပ်နိုင်ခဲ့ခြင်းသည် တာဝန်မဲ့ရာရောက်ကြောင်း ရှီးကဆက်လက်ပြောကြားထားသည်။

***Ref: NHK (KT)***

# တရုတ်ငါးဖမ်းလှေကို အင်ဒိုနီးရှားကဖမ်းဆီးထားမှုအပေါ် ပြင်းထန်စွာလက်တုံ့ပြန်မည်ဟု တရုတ်ပြောကြား

ပေကျင်း မေ ၃၀

အင်ဒိုနီးရှားရေပိုင်နက်အနီး ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသော တရုတ်ငါးဖမ်းလှေတစ်စင်းသည် တရားဝင်ငါးဖမ်းခဲ့ခြင်းဖြစ်ပြီး ယင်းလုပ်ရပ်အပေါ် ပြင်းထန်စွာလက်တုံ့ပြန်သွားမည်ဟု တရုတ်အစိုးရက မေ ၃၀ ရက်တွင် အခိုင်အမာပြောကြားထားကြောင်း သိရသည်။

အင်ဒိုနီးရှားရေတပ်အနေဖြင့် တရုတ်ငါးဖမ်းသမားရှစ်ဦးလိုက်ပါလာသည့် ၎င်းငါးဖမ်းလှေကို မေ ၂၇ ရက်က နာတူနာကျွန်းအနီးရှိ ရေပိုင်နက်အတွင်း တရားမဝင်ငါးဖမ်းမှုဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်ကြောင်း ယင်းနိုင်ငံစစ်ဘက်ကပြောကြားထားသည်။

အဆိုပါဖမ်းဆီးထိန်းသိမ်းထားရသည့် တရုတ်ငါးဖမ်းလှေသည် တရားဝင်ငါးဖမ်းခဲ့ခြင်းဖြစ်ပြီး ငါးဖမ်းသမားများအနေဖြင့်လည်း ၎င်းနယ်စပ်ရေပိုင်နက်အတွင်း လုပ်ရိုးလုပ်စဉ်ဖြစ်သည့် ငါးဖမ်းလုပ်ငန်းကိုသာ လုပ်ဆောင်ခဲ့ကြောင်းနှင့် ယင်းကိစ္စနှင့်ပတ်သက်၍ အင်ဒိုနီးရှားနိုင်ငံအပေါ် ပြင်းထန်စွာလက်တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ဟွာချောင်ယင်က ပြောကြားသည်။

တရုတ်ငါးဖမ်းလှေအား အင်ဒိုနီးရှားရေတပ်က ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းသည် တောင်တရုတ်ပင်လယ်အတွင်းရှိ အငြင်းပွားရေပိုင်နက်ကိစ္စနှင့်ပတ်သက်၍ တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံအကြား ဖြစ်ပွားနေသော တင်းမာမှုများကို ပိုမိုမြင့်တက်စေနိုင်ကြောင်း သိရသည်။

***Ref: Bangkok Post***



# ဂျာမနီနိုင်ငံအနောက်တောင်ပိုင်း၌ ရေကြီးမှုဖြစ်ပွား၊ လေးဦးသေဆုံး

ဘာလင် မေ ၃၀

ဂျာမနီနိုင်ငံအနောက်တောင်ပိုင်းရှိ ဘာဒင်ဝဲတင်မ်ဘာ့ဂ်ပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပွားခဲ့ရာ လူလေးဦးသေဆုံးခဲ့ကြောင်း နိုင်ငံပိုင် DPA သတင်းဌာနက မေ ၃၀ ရက်တွင် ထုတ်ပြန်ထားသည်။

အသက် ၆၀ ဝန်းကျင်ရှိ အမျိုးသားတစ်ဦးသည် မြေအောက်ကားပါကင်ထိုးသည့်နေရာ၌ ရေနစ်သေဆုံးနေပြီး ၎င်းနေရာ၌ ရေများပြည့်လျှံနေကြောင်း အဆိုပါပြည်နယ် ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ကာစတန်ဒီနာက ပြောကြားခဲ့သည်။

ထို့ပြင် ရှဝါဘစ်ရှ်ဂမ်မြို့၌ ဖြစ်ပွားသောရေကြီးမှုအတွင်း မီးသတ်သမားတစ်ဦးက ဒေသခံတစ်ဦးကို ကယ်ဆယ်ရန်ကြိုးပမ်းရာမှ နှစ်ဦးလုံး ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံအနောက်ပိုင်းနှင့် ဂျာမနီနိုင်ငံအနောက်တောင်ပိုင်း၌ မေ ၂၉ ရက်က မိုးကြိုးထိမှန်မှုကြောင့် လူကိုးဦးပြင်းပြင်းထန်ထန် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

***Ref: The Star Online, Xinhua***

# အပျော်စီးသင်္ဘောဖြင့် တောင်တရုတ်ပင်လယ်အတွင်းရှိ ကျွန်းများသို့သွားရောက်ရန် တရုတ်စီစဉ်



ပေကျင်း မေ ၃၀

တရုတ်နိုင်ငံသည် ပင်လယ်ပြင်အပျော်စီးသင်္ဘောဖြင့် ဟိုင်နန်ကျွန်းရှိ ဆန်ယာမြို့မှ တောင်တရုတ်ပင်လယ်အတွင်းရှိ ပါစကယ်ကျွန်းကဲ့သို့ ထူးခြားဆန်းပြားသည့်ကျွန်းများသို့ သွားရောက်လည်ပတ်ရန် စီစဉ်လျက်ရှိကြောင်း မေ ၃၀ ရက် ထုတ်ပြန်ချက်များအရသိရသည်။

ဟိုင်နန်သင်္ဘောကုမ္ပဏီမှ အဆိုပါအပျော်စီးသင်္ဘောသည် ဆန်ယာမြို့မှ တောင်တရုတ်ပင်လယ်အတွင်းရှိကျွန်းများသို့ သွားရောက်မည်ဖြစ်ပြီး စတင်ထွက်ခွာမည့်ရက်အတိအကျကိုစဉ်းစားလျက်ရှိကြောင်း ယင်းသင်္ဘောကုမ္ပဏီပိုင်ရှင်တစ်ဦးဖြစ်သည့် ချိုင်ချာယီ၏ ပြောကြားချက်ကိုကိုးကား၍ China Daily သတင်းဌာနက ထုတ်ပြန်ထားသည်။

အဆိုပါသင်္ဘောကို မတ်လကစတင်အသုံးပြုခဲ့ခြင်းဖြစ်ပြီး ခရီးသည် ၃၀၀ ဦးကိုတင်ဆောင်၍ လစဉ်ခရီးစဉ်လေးခုမှ ငါးခုအထိ သွားရောက်နိုင်ကြောင်း၊ ယခုအခါ ၎င်းသင်္ဘောသည် တောင်တရုတ်ပင်လယ်အတွင်းရှိ ထူးခြားဆန်းပြားသောရှုခင်းများကို ကြည့်ရှုနိုင်ရန်အတွက် တရုတ်နိုင်ငံသားများအား ခေါ်ဆောင်သွားမည်ဖြစ်ကြောင်း ချိုင်ကဆက်လက်ပြောကြားသည်။

၎င်းသင်္ဘောအနေဖြင့် ပါစကယ်ကျွန်းသို့ ရောက်ရှိရန် ၁၃ နာရီကြာမြင့်မည်ဖြစ်ပြီး ယင်းသင်္ဘောတည်ဆောက်ရေးစီမံကိန်းတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၅ ဘီလီယံ ကုန်ကျခဲ့ကြောင်း သိရသည်။

***Ref: Sputnik***

# အယ်လ်ကိုင်ဒါအဖွဲ့ကဖမ်းဆီးထားသော ဂျပန်သတင်းထောက်လွှတ်မြောက်ရန် အစွမ်းကုန်ကြိုးပမ်းသွားမည်ဟု ဂျပန်အစိုးရပြောကြား

တိုကျို မေ ၃၀

လူမှုကွန်ရက်စာမျက်နှာတစ်ခုတွင် ဆီးရီးယားနိုင်ငံမှ အယ်လ်ကိုင်ဒါစစ်သွေးကြွအဖွဲ့ကဖမ်းဆီးထားသော ဂျပန်သတင်းထောက်တစ်ဦး၏ဓာတ်ပုံ ထွက်ပေါ်လာပြီးနောက် ၎င်းလွတ်မြောက်ရန်အတွက် အစွမ်းကုန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဂျပန်အစိုးရက မေ ၃၀ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဂျပန်သတင်းထောက်တစ်ဦးဖြစ်သည့် ဂျန်ပေယာဆူဒါ၏ဓာတ်ပုံကို စစ်သွေးကြွအဖွဲ့က မေ ၂၉ ရက်ညနေပိုင်းတွင် ဝက်ဘ်ဆိုက်တစ်ခု၌ ဖော်ပြခဲ့ခြင်းဖြစ်သည်။

အဆိုပါဓာတ်ပုံတွင် လိမ္မော်ရောင်ဝတ်စုံဝတ်ဆင်ထားသည့် ယာဆူဒါသည် "မိမိအားကူညီပါ၊ မိမိအတွက် နောက်ဆုံးအခွင့်အရေးတစ်ခုပါ"ဟု ဂျပန်ဘာသာဖြင့်ရေးသားထားသောစာရွက်အား ကိုင်မြှောက်ထားကြောင်းသိရသည်။

ယာဆူဒါသည် ၂၀၁၅ ခုနှစ် ဇွန်လက တူရကီနိုင်ငံမှတစ်ဆင့် ဆီးရီးယားနိုင်ငံအတွင်းသို့ဝင်ရောက်ခဲ့ပြီးနောက် ချူဆရာတပ်ဦး၏ ဖမ်းဆီးခေါ်ဆောင်မှုကို ခံခဲ့ရခြင်းဖြစ်ကြောင်း ဂျပန်သတင်းဌာနများက ဖော်ပြခဲ့သည်။

အသစ်ထွက်ပေါ်လာသော ဓာတ်ပုံမှာ ယာဆူဒါ ဟုတ်၊ မဟုတ်ကို လေ့လာဆန်းစစ်ကြည့်ခဲ့ရာ ယာဆူဒါဖြစ်သည်ဟုခန့်မှန်းရကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမိအိုခီရှီဒါက ပြောကြားသည်။

ဂျပန်နိုင်ငံသူ၊ နိုင်ငံသားများ၏ ဘေးကင်းလုံခြုံရေးသည် မိမိတို့၏အဓိကတာဝန်ဖြစ်ကြောင်း၊ ယာဆူဒါလွတ်မြောက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစိုးရအဖွဲ့အတွင်းဝန်ချုပ် ယိုရှီဟိုက်ဆူဂါက ပြောကြားသည်။

***Ref: The Star Online***



www.facebook.com/themyawadydaily



# ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်ဘဏ်များ ဆိုက်ဘာတိုက်ခိုက်ခံရမှုနောက်ကွယ်က မြောက်ကိုရီးယား



မေ ဖော်ဝါရီလက ဘင်္ဂလားဒေ့ရှ်ဗဟိုဘဏ်မှ အမေရိကန်ဒေါ်လာ ၈၁ သန်းခန့်မှာ ဘင်္ဂလားဒေ့ရှ်ဟက်ကာများ၏ ခိုးယူခြင်းခံခဲ့ရသည်။ ထို့ပြင် ဗီယက်နမ်နှင့်ဖိလစ်ပိုင်တို့တွင်လည်း ဘဏ်မှငွေများကို ဟက်ကာတို့က ခိုးယူဖို့ကြိုးစားပြန်သည်။ ဗီယက်နမ်၌ အမေရိကန်ဒေါ်လာ ၁ သန်းခိုးယူခံခဲ့ရကာ ဖိလစ်ပိုင်၌ အချိန်မီတားဆီးနိုင်ခဲ့သည်။

လာဇရပ်ဟုအမည်ပေးထားသော ယင်းဟက်ကာအဖွဲ့သည် တစ်ချိန်တည်းမှာပင် အာဆီယံဘဏ်များကို ကောင်းကောင်းကြီးပညာပြသွားခဲ့သည်။ ထို့မျှသာမက ၂၀၁၅ ခုနှစ်က အီကွေဒေါ်ဘဏ်မှလည်း အမေရိကန်ဒေါ်လာ ၁၂ သန်းအထိ ခိုးယူခဲ့ပြီး အာဆီယံဟက်ကာအဖွဲ့၏ ဆိုက်ဘာနည်းပညာများကို အနောက်အုပ်စုတို့ ဦးနှောက်ခြောက်သွားအောင်လုပ်ပြသွားခဲ့သည်။

ထို့နောက် ကုတ်များနှင့်ခိုးယူရန်အသုံးပြုခဲ့သော Malware များကို အမေရိကန်၏ ဆိုက်ဘာကာကွယ်ရေးနည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် Symantec က အသည်းအသန်ရှာဖွေခဲ့သည်။ ယင်းကုတ်များနှင့် Malware သည် ၂၀၁၄ ခုနှစ်က မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအွန်ကို လှပ်ကြဲသည့် The Interview ဇာတ်ကားအား ရိုက်ကူးခဲ့သော Sony Entertainment ကိုတိုက်ခိုက်ခဲ့သည့်ကုတ် Malware နှင့် ဆင်တူနေခဲ့သည်။

ထိုဆိုက်ဘာတိုက်ခိုက်မှုကြောင့် The Interview ဇာတ်ကားပြသမည့်အချိန် ရွှေ့ဆိုင်းခဲ့ရပြီး ပြန်လည်ပြသနိုင်ရန် ရက်သတ္တပတ်ခန့် အချိန်ယူခဲ့ရသည်။ မြောက်ကိုရီးယားတို့က ယင်းဇာတ်ကားကို မပြသရန် အပြင်းအထန်ကန့်ကွက်ခဲ့သော်လည်း Sony ကုမ္ပဏီက ပြသခဲ့သောကြောင့် မြောက်ကိုရီးယားတို့က တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ယင်းဆိုက်ဘာတိုက်ခိုက်မှုအတွက် တာဝန်ယူရန် မြောက်ကိုရီးယားတို့က ငြင်းဆန်ထားသော်လည်း အမေရိကန်ကမူ မြောက်ကိုရီးယားလက်ချက်ပင်ဖြစ်ကြောင်း အခိုင်အမာစွပ်စွဲခဲ့သည်။ ထိုအချိန်က တိုက်ခိုက်ခဲ့သော ကုတ်များနှင့် Malware ကို မကြာမီကဆိုက်ဘာတိုက်ခိုက်မှုဖြင့် ပိုက်ဆံခိုးယူခဲ့သော လာဇရပ်အဖွဲ့က အသုံးပြုသွားခဲ့ခြင်းဖြစ်သည်။

လာဇရပ်ဟက်ကာအဖွဲ့သည် အမေရိကန်နှင့် တောင်ကိုရီးယားတို့ကို အမြဲလိုလို တိုက်ခိုက်တတ်သောအဖွဲ့အစည်းလည်းဖြစ်သည်။ သို့သော် ယင်းအဖွဲ့အစည်းသည် မြောက်ကိုရီးယားတို့က နာမည်လွှဲကာ အသွင်ယူထားသောအဖွဲ့အစည်း သို့မဟုတ် ဘင်္ဂလားဒေ့ရှ်နှင့် ပူးပေါင်းအဖွဲ့အစည်းဆိုသည်ကို ယခုအချိန်ထိ မသိရှိရသေးဘဲ ၂၀၁၃ ခုနှစ်ကလည်း ဘင်္ဂလားဒေ့ရှ်၏ အကြီးမားဆုံးကုန်သွယ်ရေးဘဏ် ဆိုနာလီထံမှ ယင်းဟက်ကာအဖွဲ့သည် အမေရိကန်ဒေါ်လာနှစ်သိန်းခွဲအထိ ခိုးယူခဲ့သေးသည်။

သေချာသည့်အချက်တစ်ချက်မှာ ယင်းနောက်ကွယ်တွင် မြောက်ကိုရီးယားတို့ တစ်နည်းမဟုတ်တစ်နည်း ရှိနေမည်ဖြစ်သည်။ ပြည်ပဘဏ်များမှပိုက်ဆံခိုးယူသည့် အလေ့အထကို ယခင်က မြောက်ကိုရီးယားတို့ အသုံးမပြုခဲ့ဖူးသော်လည်း ယခုနည်းသိသွားသော မြောက်ကိုရီးယားအတွက် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာနိုင်သည်။ အထူးသဖြင့် နည်းပညာအားနည်းချက်ရှိသော အရှေ့တောင်အာရှအာဆီယံဘဏ်များကို ပစ်မှတ်ထားလာနိုင်သည်။

ဆိုက်ဘာတိုက်ခိုက်မှုသည် ယခုအချိန်ထိ ဖြေရှင်းမရသည့်ပြဿနာကြီးတစ်ခုအဖြစ် နိုင်ငံတကာတွင်တည်ရှိနေသေးပြီး အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံအကြား နှစ်စဉ် ဆိုက်ဘာတိုက်ခိုက်မှုပေါင်း သိန်းနှင့်ချီ၍ရှိနေသည်။ ယင်းနှစ်နိုင်ငံကြားတွင် မြေပြင်နည်းပညာ တိုက်ခိုက်မှုများအပြင် အာကာသဆိုက်ဘာတိုက်ခိုက်မှုများအထိပါ ဆိုက်ဘာစစ်ပွဲများဖြစ်ပွားလေ့ရှိသည်။

အမေရိကန်တို့၏ဂြိုဟ်တုများဆက်သွယ်၍မရစေရန် နှစ်စဉ်အကြိမ်ရေထောင်သောင်းချီ Jam လုပ်ခံရသည်။ ထို့ပြင် လုံခြုံရေးအထပ်ထပ်ချထားပြီး ထိုးဖောက်ရန်မလွယ်သည့် ပင်တဂွန်ကွန်ရက်ထဲသို့ပင် တရုတ်ဟက်ကာများကထိုးဖောက်ကာ ဂျက်တိုက်လေယာဉ်နည်းပညာများနှင့် ထိပ်တန်းလျှို့ဝှက်ချက်အချက်အလက်များကို ခိုးယူလေ့ရှိသည်။ ထို့ကြောင့် ဆိုက်ဘာမှုခင်းကျဆင်းစေရန် အမေရိကန်နှင့်တရုတ်တို့ နှစ်စဉ်ဆိုက်ဘာလုံခြုံရေးညီလာခံများ ကျင်းပနေသည်။

သို့သော် နှစ်စဉ်ဆိုက်ဘာတိုက်ခိုက်မှုများက ကျဆင်းမသွားဘဲ ပိုမိုဖြစ်ပေါ်လာသည်။ ဆိုက်ဘာတိုက်ခိုက်မှုသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ လူသွားစရာမလိုဘဲ ခြေရာကောက်ရန်ခက်ခဲကာ လက်သည်ဟူ၍ မည်မည်ရရရှာဖွေမရဘဲ တရားခံဟု စွပ်စွဲစရာဆို၍ ကုတ်များနှင့် Malware များသာရှိသည်။ IP လိပ်စာများက တရုတ်နိုင်ငံ သို့မဟုတ် မြောက်ကိုရီးယားဟု ရည်ညွှန်းထားသော်လည်း အမှု၏ဇာတ်လမ်းသည် ထိုနေရာမှာပင် အဆုံးသတ်သွားလေ့ရှိသည်။

၂၀၁၄ ခုနှစ်က အမေရိကန်တို့က တရုတ်တို့၏ ဆိုက်ဘာတိုက်ခိုက်မှုများကိုခြေရာကောက်ခဲ့ကြသည်။ နောက်ဆုံး ရှန်ဟိုင်းနှင့် ပေကျင်းရှိ အမြင့်ဆုံးတာဝါကြီးများတွင် အခြေစိုက်တိုက်ခိုက်ခြင်းဖြစ်ကြောင်း သက်သေထူနိုင်ခဲ့သည်။ သို့သော် တရုတ်အစိုးရက မည်သည့်ပူးပေါင်းဆောင်ရွက်ချက်မျှ မရှိသောကြောင့် အမေရိကန်တို့၏တရားခံသည် နောက်ဆုံးတွင်လည်း IP လိပ်စာများ၊ ရှန်ဟိုင်းနှင့် ပေကျင်းရှိ တာဝါများသာဖြစ်သွားခဲ့ရသည်။

တရုတ်တွင် ဆိုက်ဘာတိုက်ခိုက်ရန် သီးသန့်အဖွဲ့များရှိသည်။ မြောက်ကိုရီးယားတွင်လည်း သီးသန့်ဆိုက်ဘာတိုက်ခိုက်ရန်အဖွဲ့များကို နိုင်ငံတော်အဆင့်အဖြစ်ဖွဲ့စည်းထားသည်။ မူလကအဖျက်သဘောသီးသန့်တိုက်ခိုက်ရန်အသုံးပြုသော ဆိုက်ဘာအဖွဲ့များသည် ယခုမြောက်ကိုရီးယားအတွက် ဝင်ငွေများဖန်တီးလာနိုင်နေပြီဖြစ်သည်။

စီးပွားရေးပိတ်ဆို့မှုများကို အကြီးမားဆုံးချမှတ်ခံထားရသော မြောက်ကိုရီးယားအတွက် ရန်ပုံငွေပြဿနာသည် အကြီးမားဆုံးဖြစ်လာလျက်ရှိသည်။ ခေါင်းဆောင်ကင်ဂျုံအွန်၏ ပထမဦးစားပေးနျူကလီးယားအစီအစဉ်အတွက်ပင် ရန်ပုံငွေပြဿနာဖြင့်ရင်ဆိုင်နေရသည်။ ထို့ကြောင့် တခြားအဖွဲ့များအတွက် ရန်ပုံငွေလုံလုံလောက်လောက်ပံ့ပိုးပေးရန်မှာ အဓိကပြဿနာဖြစ်လာရသည်။

ထိုအထဲတွင် ဆိုက်ဘာအဖွဲ့လည်းပါဝင်လာသည်။ ထို့ကြောင့် ရန်ပုံငွေရရန် ဖြစ်သည့်နည်းနှင့်ကြံစည်ရတော့သည်။ ထိုအချက်ကပင် ငွေကြေးအတွက် ယခုဆိုက်ဘာတိုက်ခိုက်မှုသည် နောက်ကွယ်က မြောက်ကိုရီးယားတို့လက်ချက်ဖြစ်နေကြောင်း သက်သေပြနေသည်။

ထို့ကြောင့် နောက်ထပ်ငွေကြေးရယူရန် ဆိုက်ဘာတိုက်ခိုက်မှုများကို မြောက်ကိုရီးယားတို့ မည်သည့်နည်းကိုမဆို အသုံးပြုလာနိုင်သောကြောင့် ဘဏ်များကို နည်းပညာမြင့်သည့် လုံခြုံရေးစနစ်များဆောင်ရွက်ရန် အမေရိကန်ကအကြံပြုထားကြောင်း တင်ပြလိုက်ရပါသည်။ ။

**ရှိန်းထက်**

# ထိုင်းနိုင်ငံ၏တတိယအကြီးဆုံး ထိုင်းစီးပွားရေးဘဏ် မြန်မာနိုင်ငံ၌ ဝန်ဆောင်မှုများတိုးချဲ့လုပ်ဆောင်ရန် ပြင်ဆင်

ရန်ကုန် မေ ၃၀

ထိုင်းနိုင်ငံအတွင်းရှိ ချေးငွေထုတ်ချေးခြင်းလုပ်ငန်းကိုလုပ်ကိုင်သည့်ဘဏ်များတွင် တတိယအကြီးဆုံးဘဏ်အဖြစ် သတ်မှတ်ခံထားရသော ထိုင်းစီးပွားရေးဘဏ်သည် မြန်မာနိုင်ငံ၌ ဝန်ဆောင်မှုများတိုးချဲ့လုပ်ဆောင်ရန်ပြင်ဆင်လျက်ရှိကြောင်း ထိုင်းမီဒီယာများ၏ဖော်ပြချက်ကိုကိုးကား၍ ရိုက်တာသတင်းဌာနကဖော်ပြသည်။

မြန်မာနိုင်ငံ၌ ဝန်ဆောင်မှုများတိုးချဲ့လုပ်ဆောင်ရန် စီစဉ်လျက်ရှိပြီး အင်ဒိုနီးရှားနှင့် ဗီယက်နမ်ဈေးကွက်တို့တွင်လည်း လုပ်ငန်းများတိုးချဲ့သွားမည်ဖြစ်ကြောင်း ထိုင်းစီးပွားရေးဘဏ်၏ နိုင်ငံတကာဌာနခွဲ မန်နေဂျာကာမယ်ကန့်အေဂါဝယ်က ပြောသည်။

ထိုင်းစီးပွားရေးဘဏ်သည် မြန်မာနိုင်ငံအတွင်း၌ ဘဏ်လုပ်ငန်းနှင့်သက်ဆိုင်သောလုပ်ငန်းလိုင်စင်များ ထုတ်ပေးရန် စီစဉ်လာပါက လုပ်ငန်းလိုင်စင်ရရှိရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းစီးပွားရေးဘဏ်၏ ပြိုင်ဘက်ဘဏ်တစ်ခုဖြစ်သော ဗန်ကောက်ဘဏ်သည်လည်း မြန်မာနိုင်ငံ၌ ဘဏ်လုပ်ငန်းများဆောင်ရွက်ရန် လုပ်ငန်းလိုင်စင်ရရှိထားပြီးဖြစ်သည်။

ထိုင်းနိုင်ငံအခြေစိုက်ဘဏ်များသည် နှစ်နိုင်ငံကြားရှိ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြင့်မားလာခြင်းကြောင့် မြန်မာနိုင်ငံ၌ ဝန်ဆောင်မှုများတိုးချဲ့လုပ်ဆောင်ရန် ခြေလှမ်းပြင်လာကြခြင်းဖြစ်သည်။ ထို့ပြင် ထိုင်းစီးပွားရေးဘဏ်သည် တရုတ်နိုင်ငံ၌ လာမည့်နှစ်တွင် ဘဏ်ခွဲတစ်ခုဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ဘဏ်လုပ်ငန်းရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် ပြီးခဲ့သည့်နှစ်က ပြည်ပဘဏ်များကို ခွင့်ပြုချက်လိုင်စင်ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(၄၄၃)

# ရောဝတီဘဏ်မှ အကြွေးဝယ်ခွင့်ကတ်များကို ဝန်ထမ်းများအား အဓိကချထားပေးမည်

ရန်ကုန် မေ ၃၀

ရောဝတီဘဏ်သည် ဝန်ထမ်းများ၏လိုအပ်ချက်များကို ယခင်ကထက်ပိုမိုဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်၍ အကြွေးဝယ်ခွင့်ကတ်များအား ဝန်ထမ်းများကိုသာ အဓိကချထားပေးသွားမည်ဖြစ်ကြောင်း ရောဝတီဘဏ်၏ Card Business Director ဦးသူရမောင်၏ ပြောကြားချက်အရ သိရသည်။

"အကြွေးဝယ်ကတ် ဝန်ဆောင်မှုကိုချထားပေးတဲ့နေရာမှာ ဘဏ်အနေနဲ့ လျှောက်ထားသူတွေရဲ့ဝင်ငွေနဲ့ သုံးစွဲနိုင်တဲ့ပမာဏကိုသတ်မှတ်ပြီးချထားပေးတာပါ။ ပုံမှန်ဝင်ငွေရှိတဲ့ ဘယ်ဝန်ထမ်းမဆို ဒီဝန်ဆောင်မှုအသုံးပြုနိုင်ဖို့ ဘဏ်မှာလာလျှောက်ရင် ချထားပေးနေပါတယ်။ ဝန်ထမ်းတွေအနေနဲ့ ငွေပြတ်သွားတဲ့အချိန်ကျရင် လိုအပ်တဲ့အရာတွေကို ဝယ်ယူနိုင်အောင်ဝန်ထမ်းတွေကို ဦးစားပေးသွားမှာပါ"ဟု ၎င်းကပြောသည်။

အကြွေးဝယ်ကတ်လာရောက်လျှောက်ထားသူအား နောက်ခံအနေဖြင့် ထောက်ခံပေးသည့်အဖွဲ့အစည်းများ၏အခြေအနေကိုသာ အသေးစိတ်လေ့လာကြည့်ရှုပြီး ချထားပေးခြင်းဖြစ်ကြောင်း သိရသည်။ ဝန်ထမ်းများအဆိုပါကတ်ကိုအသုံးပြုရာတွင် ပိုမိုအဆင်ပြေစေရန် ဘဏ်အနေဖြင့် ပြည်တွင်းရှိကုန်တိုက်များ၊ ဈေးဝယ်စင်တာများနှင့် တခြားဝန်ဆောင်မှုလုပ်ငန်းတို့တွင် ချိတ်ဆက်အသုံးပြုနိုင်ရန်လည်း ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအကြွေးဝယ်ကတ်အသုံးပြုရာတွင် လစဉ်လကုန်သည့်အခါ မိမိအသုံးပြုသည့် ငွေပမာဏအား ကျသင့်သည့်အတိုးနှုန်းဖြင့် ဘဏ်မှစိုက်ထုတ်ပေးထားသော ငွေပမာဏအတွက် ပြန်လည်ပေးသွင်းပြီး ဖြည့်ဆည်းလုပ်ဆောင်ပေးရမည်ဖြစ်သည်။ လက်ရှိတွင် ပြည်တွင်း၌ ရောဝတီဘဏ်၏ အကြွေးဝယ်ကတ်ကို အသုံးပြုသည့် အရေအတွက်မှာ ထောင်ဂဏန်းခန့်သာရှိကြောင်း သိရသည်။

**သီရိ**

www.facebook.com/themyawadydaily



# ပွင့်လင်းမြင်သာပြုပြင်စရာ မှန်မှန်ကန်ကန်ရပ်တည်မည် လူထုကြားကမြဝတီ

## ကျိုကုန်းကျေးရွာရှိ မူလတန်းကျောင်းကို အမြန်ဆုံးဖွင့်လှစ်ပေးရန် ဒေသခံများလိုလားလျက်ရှိ

မိတ္ထီလာ မေ ၃၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ အနောက်ဘက် ခုနစ်မိုင်ခန့်အကွာ ညောင်ပင်သျှိကျေးရွာအုပ်စု ကျိုကုန်းကျေးရွာ၌ ၂၀၁၀ ပြည့်နှစ်တွင် ပညာရေးဌာန၏မူလတန်းကျောင်းပုံစံအတိုင်း ငွေကျပ် သိန်း ၁၀၀ ကျော်ဖြင့် အလျားပေ ၈၀၊ အနံပေ ၂၀၊ အမြင့် ၁၂ ပေရှိ မူလတန်းကျောင်းတစ်ကျောင်းကို တည်ဆောက်ခဲ့သော်လည်း ယခုအချိန်ထိ ကျောင်းဖွင့်လှစ်ခွင့်မရရှိသေးသဖြင့် အဆိုပါကျောင်းကို အမြန်ဆုံးဖွင့်လှစ်ပေးရန် ဒေသခံကျောင်းသားမိဘများက လိုလားနေကြကြောင်း သိရသည်။

ကျိုကုန်းကျေးရွာမှ ကျောင်းသား၊ ကျောင်းသူများသည် ပညာသင်ကြားရာတွင် ကျေးရွာနှင့် နှစ်မိုင်ခန့်ကွာဝေးသည့် ဖက်တောကျေးရွာမူလတန်းကျောင်းသို့ သွားရောက်သင်ကြားနေရပြီး ထိုသို့သင်ကြားရာတွင် ကျိုကုန်းကျေးရွာနှင့်ဖက်တောကျေးရွာကြားရှိ ဖက်တောချောင်းကိုဖြတ်၍ သွားရောက်ရသဖြင့် နွေရာသီတွင် ကျောင်းသား၊ ကျောင်းသူများအတွက် အန္တရာယ်မရှိနိုင်သော်လည်း မိုးရာသီတွင် အဆိုပါချောင်းရေထဲ မျောပါသွားမည်ကို ကျောင်းသားမိဘများအနေဖြင့် စိုးရိမ်ပူပန်နေကြကြောင်း သိရသည်။

ထို့ကြောင့် ကျိုကုန်းကျေးရွာမှ မူလတန်းကျောင်းကို ကျောင်းဖွင့်လှစ်ခွင့်ရရှိရေး တာဝန်ရှိသူများက ဆောင်ရွက်ပေးရန် လိုလားနေကြောင်း ဒေသခံကျောင်းသားမိဘများထံမှ သိရသည်။ **တင်လှိုင်**

## စည်းကမ်းမဲ့နှစ်ထပ်ရပ်နားသည့်ကားများကို ထိရောက်စွာအရေးယူပေးစေလို



မော်တော်ယာဉ်များ သွားလာနေသောလမ်းများတွင် ကားများကိုရပ်ထားခြင်းမပြုရန် ယာဉ်စည်းကမ်းများသတ်မှတ်၍ ထုတ်ပြန်ထားပြီး ယာဉ်ထိန်းရဲများက ဖမ်းဆီးခြင်း၊ ကားနှစ်ထပ်ရပ်ထားပါက ကရိန်းကားများဖြင့်ဆွဲ၍ အရေးယူခြင်းများဆောင်ရွက်ခဲ့သော်လည်း ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်းပေါ်၌ ကားများနှစ်ထပ်ရပ်နားထားသည်ကို တွေ့ရှိရပါသည်။

ထိုသို့စည်းကမ်းမဲ့ရပ်နားထားသည့်ကားများကြောင့် မလိုအပ်ဘဲယာဉ်ကြောကျပ်တည်းသည့်အပြင် ယာဉ်အန္တရာယ်လည်းစိုးရိမ်ရသောကြောင့် တာဝန်ရှိသူများအနေဖြင့် ထိထိရောက်ရောက်အရေးယူပေးပါရန် မြဝတီသတင်းစာ၏ပွင့်လင်းမြင်သာပြုပြင်စရာကဏ္ဍမှတစ်ဆင့် အသိပေးတင်ပြအပ်ပါသည်။

**လမ်းအသုံးပြုသူတစ်ဦး**

## ပွင့်လင်းမြင်သာပြုပြင်စရာ မြဝတီကိုပို့လိုက်ပါ

မြဝတီသတင်းစာသည် ပြည်သူလူထုကောင်းကျိုးအတွက် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ပြုပြင်စေလိုသည့်ကိစ္စရပ်များအား ပေါင်းကူးသဖွယ်အကျိုးဆောင်ပေးနေပါသည်။ နေရာဒေသအသီးသီးမှ တိုင်းရင်းသားပြည်သူအချင်းချင်း သတင်းမျှဝေရေးကိုလည်း အလေးအနက်ဖြန့်ဝေပေးနေပါသည်။

ထို့ကြောင့် နေရာဒေသအသီးသီးရှိ တိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့ကြုံတွေ့နေရသောအခြေအနေမှန်များမှ ပြုပြင်စေလိုသောကိစ္စရပ်များ၊ အမြင်မတော်သည့်ဖြစ်ရပ်များအား မြဝတီသတင်းစာတိုက်သို့ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ မှတ်တမ်းဓာတ်ပုံများရှိပါက ထည့်သွင်းပေးပို့နိုင်ပါသည်။

"ပွင့်လင်းမြင်သာပြုပြင်စရာများ" ရေးသားပေးပို့ပါက ပေးပို့သူအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် စိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်တယ်လီဖုန်းအမှတ်(ရှိလျှင်)တို့ ပြည့်စုံစွာပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

(အယ်ဒီတာ)

ပေးပို့ရန်လိပ်စာ

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း- ၀၃၁-၇၃၉၉၈၊ ဖက်(စ်) ၀၃၁-၇၃၉၉၉
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅) တပ်မြေ၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ် ဖုန်း- ၀၁-၄၀၀၆၉၇၊ ဖက်(စ်) ၀၁၁-၇၄၀၂၀၊ ၀၁-၃၉၇၃၃၁
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄ လမ်း၊ ၂၉ × ၃၀ လမ်းကြား၊ ဖုန်း-၀၂-၆၆၆၅၁၊ ၀၉-၄၀၂၅၂၃၉၈၂
- Online ဖြင့်လည်း E-mail:mwdpress@hotmail.co.uk သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။

## အရှိန်မထိန်းနိုင်သည့်မော်တော်ယာဉ်တစ်စီး လမ်းလျှောက်နေသူကို ဝင်ရောက်တိုက်မိ

မှုခင်းသတင်း

ပန်းတနော် မေ ၃၀

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် အင်းမကျေးရွာအနီး ရန်ကုန်-ပုသိမ်ကားလမ်း မိုင်တိုင်အမှတ်(၆၁/၅)နှင့်(၆၁/၆)အကြား၌ ယမန်နေ့ နံနက် ၆ နာရီက အရှိန်မထိန်းနိုင်သည့်မော်တော်ယာဉ်တစ်စီး လမ်းလျှောက်နေသူအား ဝင်ရောက်တိုက်မိမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အင်းမကျေးရွာအနီး ရန်ကုန်-ပုသိမ်ကားလမ်း မိုင်တိုင်အမှတ် (၆၁/၅)နှင့်(၆၁/၆)အကြား၌ ရန်ကုန်မြို့မှ ပုသိမ်မြို့သို့ လမ်းသွယ်(၂)လမ်း အမှတ်(၃၅)ရပ်ကွက် မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူ ဦးဘသိန်း၏သား အေးကျော် ၅၃ နှစ် မောင်းနှင်လာသော 8F/---- Light Truck အဖြူရောင်မော်တော်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ခြမ်းမှ လမ်းလျှောက်နေသော အင်းမကျေးရွာ ပန်းတနော်မြို့နယ်နေသူ ဦးဟန်မြင့်၏သား အောင်ကိုကို ၂၄ နှစ်အား နောက်မှဝင်ရောက်တိုက်မိမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် အောင်ကိုကို၏ ဦးခေါင်းနောက်စေ့ပေါက်ပြဲဒဏ်ရာ၊ နဖူး၊ ဝဲမျက်ခွံ၊ ကျောကုန်းနှင့် ဝဲတင်ပါးနာကျင်ဒဏ်ရာ(မစိုးရိမ်ရ)တို့ရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ယာဉ်မဆင်မခြင်မောင်းနှင်သူ အေးကျော်ကို အင်းမနယ်မြေရဲစခန်းက ယာဉ်(ပ)၁၈/၂၀၁၆၊ ပြစ်မှုပုဒ်မ ၃၃၇/၂၇၉ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(၄၀၇)**

## ရှောခ်တိုက်၍ ငါးဖမ်းဆီးသူကို အရေးယူဆောင်ရွက်

မိုးညှင်း မေ ၃၀

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိုင်းနောင်ကျေးရွာနှင့်ရွှေလက်ပံကျေးရွာကြား နန်းပန်းခိုင်ရေပြင်၌ ရှော့ခ်တိုက်၍ ငါးဖမ်းနေသူတစ်ဦးအား မေ ၂၈ ရက် ညနေ ၃ နာရီခွဲက ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ငါးလုပ်ငန်းဦးစီးဌာနမှ ဦးပြည့်ဖြိုးဇော်နှင့် အင်းတော်ကြီးရုံးခွဲတာဝန်ခံ ဦးသိန်းဇော်တို့သည် သားငါးသယံဇာတ မျိုးသုဉ်းမှုမရှိစေရေးဆောင်ရွက်လျက်ရှိရာ ခိုင်ဦးမှာ Desmo စာတန်းပါအဝါရောင် ၁၂ ဗို့ဘက်ထရီအိုးအသေးတစ်လုံး၊ Datadtsolar စာတန်းပါအစိမ်းရောင် ၁၂ ဗို့ ဘက်ထရီအိုး တစ်လုံး၊ အရှည် ၅ ပေခန့် ရှော့ခ်တိုက်တံ တစ်ချောင်း၊ ငါးမျိုးစုံ ၄၀ ကျပ်သားခန့်နှင့် ရှော့ခ်တိုက်၍ငါးဖမ်းဆီးနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ရှော့ခ်တိုက်၍ငါးဖမ်းဆီးသူ ခိုင်ဦး နန့်မွန်းကျေးရွာ မိုးညှင်းမြို့နယ်နေထိုင်သူကို လုံးတုံ့နယ်မြေရဲစခန်းက ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၃၉(က)အရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(၄၀၃)**

## ကျိုက်ထိုမြို့နယ်၌ WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြားများသိမ်းဆည်းရမိ

ကျိုက်ထို မေ ၃၀

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် လှည်းလမ်းကူးကျေးရွာအုပ်စု ဘိုက္ကားကျေးရွာ မော်လမြိုင်-ရန်ကုန်ကားလမ်းဘေး မိုင်တိုင်အမှတ်(၁၀၂/၅)အနီး၌ ယနေ့ နံနက် ၂ နာရီခွဲတွင် WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြားများသိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ သထုံခရိုင်မှုခင်းနှိမ်နင်းရေးဌာနမှ ရဲအုပ်အောင်သူဦးစီးအဖွဲ့၊ ကျိုက်ထိုရဲစခန်းမှ ဒုတိယစခန်းမှူး ရဲအုပ်ဇော်မျိုးလွင်နှင့်သက်သေများပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရစောင့်ဆိုင်းနေစဉ် ရော်ဘာခြံအတွင်းမှ ကားလမ်းဘက်သို့ ဆိုင်ကယ်စီးနင်းလာသော သံဖြူဇရပ်မြို့ ကြံ့ခိုင်ရေးရပ်ကွက်နေ ဦးငြိမ်း(ခ)ဦးအောင်မျိုး၏သား နိုင်သိန်းဝင်း ၄၅ နှစ် ကျိုက်ထိုမြို့နယ်ရဲစခန်းမှ တရားခံပြေးတစ်ဦးဖြစ်သူအား ရပ်တန့်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ၎င်း၏ခါးတွင်ပတ်ထားသောခါးပတ်အိတ်အတွင်းမှ ဘာဒီကော်ဖီအိတ်ခွံဖြင့် ထည့်ထားသည့် WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၈၅ ပြား၊ အစိမ်းရောင်နှစ်ပြား အလေးချိန် ၈ ဒသမ ၇ ဂရမ်ခန့် ကာလတန်ဖိုးတစ်ပြားလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၄၃၅၀၀၀ နှင့် အနီရောင်ဂက်စ်မီးခြစ် တစ်လုံး၊ စိတ်ကြွဆေးပြားရှူရာတွင် အသုံးပြုသည့် ၂ လက်မခန့်ရှိ ဝါးပြောင်းတစ်ခု၊ ငွေစက္ကူရောရာ ငွေကျပ် ၂၅၀၀၀ နှင့် Hawei အမျိုးအစားလက်ကိုင်ဖုန်းတစ်လုံး၊ Coolpad အမျိုးအစားလက်ကိုင်ဖုန်းတစ်လုံးနှင့် ၎င်းစီးနင်းလာသော နံပါတ်မပါ(လိုင်စင်စိစစ်ဆဲ)Honda Dream-125 ဆိုင်ကယ်တစ်စီးတို့ကို သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိဖြန့်ဖြူးရောင်းချသူ တရားခံပြေးနိုင်သိန်းဝင်းကို ကျိုက်ထိုမြို့နယ်ရဲစခန်းက မယ(ပ)၄/၂၀၁၆၊ မူး/စိတ် ပုဒ်မ-၁၅/၁၉(က)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၄၀၆)**

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily






# ဖာဒီနန်ကို လက်ထောက်နည်းပြတာဝန်ထမ်းဆောင်ရန် မော်ရင်ဟိုကမ်းလှမ်းမှုပြုလုပ် မော်ရင်ဟိုကြောင့် မန်ယူအောင်မြင်မည်ဟု တပည့်ဟောင်းတယ်ရီယုံကြည်



မန်ချက်စတာ မေ ၃၀

မန်ယူနည်းပြမော်ရင်ဟိုသည် လာမည့်ဘောလုံးရာသီအတွက် ပြင်ဆင်ပြောင်းလဲမှုများပြုလုပ်ရန် စီစဉ်လျက်ရှိရာ အကြီးမားဆုံးပြောင်းလဲမှုတစ်ရပ်အဖြစ် အသင်း၏ ဂန္တဝင်ကစားသမားတစ်ဦးဖြစ်သော နောက်ခံလူဟောင်းဖာဒီနန်အား လက်ထောက်နည်းပြအဖြစ် တာဝန်ပေးခန့်အပ်ရန် ကမ်းလှမ်းမှုပြုလုပ်သွားခဲ့သည်။ အင်္ဂလန်လက်ရွေးစင်အသင်းခေါင်းဆောင်ဟောင်းတစ်ဦးဖြစ်သော ဖာဒီနန်သည် မန်ယူအတွက် စုစုပေါင်း ၄၄၄ ပွဲကစားပြီး ရှစ်ဂိုးသွင်းယူနိုင်ခဲ့သူဖြစ်သည်။ မန်ယူအတွက် ၁၂ နှစ်ကြာကစားခဲ့ပြီး ပရီးမီးယားလိဂ်ချန်ပီယံဆုခြောက်ကြိမ်(၂၀၀၃၊ ၂၀၀၇၊ ၂၀၀၈၊ ၂၀၀၉၊ ၂၀၁၁၊ ၂၀၁၃) ဆွတ်ခူးနိုင်ပြီး ၂၀၀၈ ခုနှစ်က ချန်ပီယံလိဂ်နှင့် ကလပ်ကမ္ဘာ့ဖလားတို့ ဆွတ်ခူးရယူနိုင်ခဲ့သည်။ ထို့ပြင် အက်ဖ်အေဖလားခြောက်ကြိမ်နှင့် ကယ်ပီတယ်ဝမ်းသုံးကြိမ် ဆွတ်ခူးရယူနိုင်သောကြောင့် မန်ယူဂန္တဝင်တစ်ဦးအဖြစ် သတ်မှတ်ခံထားရသည်။ ယခုကဲ့သို့ ဖာဒီနန်အား အသင်း၏နည်းပြအဖွဲ့၌ လက်ထောက်နည်းပြတာဝန်ပေးခန့်အပ်ရန် စီစဉ်လိုက်ခြင်းမှာ ဇန်ဟား၏ လက်ထောက်အဖြစ် တာဝန်ယူခဲ့သော ဂန္တဝင်ကွင်းလယ်လူရိုင်ယန်ဂစ်မှာ မော်ရင်ဟို၏ လက်ထောက်အဖြစ် တာဝန်ယူရန် ကမ်းလှမ်းမှုကို ငြင်းဆန်သွားဖွယ်ရှိနေ၍ဖြစ်ကြောင်း သိရသည်။ အကယ်၍ ရိုင်ယန်ဂစ်ဘက်မှ လက်သင့်ခံသွားမည်ဆိုလျှင်လည်း မော်ရင်ဟိုအနေဖြင့် ဖာဒီနန်ကို ဆက်လက်ကမ်းလှမ်းသွားမည်ဖြစ်ပြီး နှစ်ဦးစလုံးအား လက်ထောက်အဖြစ် လက်တွဲသွားရန် စီစဉ်ထားသည်။ နီးစပ်သောသတင်းများ၏ အဆိုအရ ဖာဒီနန်အနေဖြင့် နည်းပြလောကသို့ ဝင်ရောက်လိုသဖြင့် မော်ရင်ဟို၏ ကမ်းလှမ်းမှုကို လက်ခံသွားဖွယ်ရှိနေကြောင်း သိရသည်။

ယခုအခါ မန်ယူအသင်းနှင့်သက်ဆိုင်သူအားလုံးသည် နည်းပြမော်ရင်ဟို ကိုင်တွယ်မှုလက်အောက်တွင် ဆုဖလားများ သေချာပေါက် ပြန်လည်ဆွတ်ခူးရယူနိုင်မည်ဟု ယုံကြည်လျက်ရှိသည်။ ထိုသို့ယုံကြည်သူများထဲတွင် ချယ်လ်ဆီးအသင်းခေါင်းဆောင်ဂျွန်တယ်ရီလည်း ပါဝင်သည်။ တယ်ရီသည် ချယ်လ်ဆီးအသင်းအား မော်ရင်ဟိုတာဝန်ယူကိုင်တွယ်စဉ်က အတူလက်တွဲပြီး ဆုဖလားများစွာဆွတ်ခူးရယူနိုင်ခဲ့သူဖြစ်သည်။ တယ်ရီက "မော်ရင်ဟိုကို နည်းပြအဖြစ် ခန့်အပ်လိုက်နိုင်တာ မန်ယူနဲ့ပတ်သက်သူတွေအားလုံးအတွက် သတင်းကောင်းပါ။ သူ့ကို ခန့်အပ်လိုက်တဲ့အတွက် မန်ယူပရိသတ်တွေရော ကစားသမားတွေပါ ကျေနပ်ကြလိမ့်မယ်လို့ ကျွန်တော်ပြောရဲတယ်။ သူ့ရဲ့အရည်အသွေးကို အရင်ကလည်း အကြိမ်ကြိမ်ပြောပြီးသားပါ။ သူဟာ ကမ္ဘာ့အကောင်းဆုံးနည်းပြတွေထဲမှာ တစ်ဦးအပါအဝင်ဖြစ်တယ်။ သူဟာ ကျွန်တော်လက်တွဲခဲ့ဖူးသူတွေထဲမှာ အထူးချွန်ဆုံးနည်းပြပါ။ ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းက အသင်းနဲ့လမ်းခွဲသွားရမှုကတော့ နှစ်ဦးနှစ်ဖက်ရက်စရာကောင်းလှတယ်။ မန်ယူမှာ သူ့အမြန်ဆုံးအခြေချပြီး ဆုဖလားတွေ ရယူပေးနိုင်ဖို့ သံသယဖြစ်စရာမလိုပါဘူး" ဟုပြောသည်။

**Ref:Dailymail**



# စတာရစ်ချ် ဒရင့်ဝါးတား တောင်ဆန်နှင့် ဘာကလေတို့မှ သုံးဦးချန်လှပ်ခံရဖွယ်ရှိ

လန်ဒန် မေ ၃၀

အင်္ဂလန်လက်ရွေးစင်အသင်းနည်းပြရွိုင်ဟော့ဂ်ဆန်သည် ယူရို ၂၀၁၆ ပြိုင်ပွဲအတွက် ပဏာမ ၂၆ ဦးလူစာရင်း ရွေးချယ်ထားပြီး ၎င်းတို့အနက်မှ သုံးဦးကို ပြန်လည်စေလွှတ်ရတော့မည်ဖြစ်သည်။ ယူရို ၂၀၁၆ ပြိုင်ပွဲဝင်အသင်းတိုင်းအနေဖြင့် ၂၃ ဦးစာရင်းသာ တင်သွင်းရမည်ဖြစ်ပြီး အင်္ဂလန်အသင်းတွင် သုံးဦးပိုလျက်ရှိသည်။ လက်ရှိတွင် ဒဏ်ရာကြောင့် အနားယူနေရသော အင်္ဂလန်တိုက်စစ်မှူးစတာရစ်ချ်သည် ပြိုင်ပွဲဝင်လူစာရင်းမှ ချန်လှပ်ခံရမည်ဟု သတင်းကြီးနေပြီး ရက်ရှ်ဖို့ဒ်ကို ရွေးချယ်သွားရန် ပြင်ဆင်လာခဲ့သည်။ သို့သော် ယခုအခါ အင်္ဂလန်အသင်းနှင့် နီးစပ်သောသတင်းများအရ စတာရစ်ချ် ကြံ့ခိုင်မှုကောင်းလျှင်လည်း ရက်ရှ်ဖို့ဒ်ကိုသာ ရွေးချယ်သွားမည်ဖြစ်ပြီး လက်စတာကွင်းလယ်လူ ဒရင့်ဝါးတား၊ နယူးကာဆယ်တောင်ပံကစားသမား တောင်ဆန်၊ အဲဗာတန်ကွင်းလယ်လူ ဘာကလေတို့အား ပြန်လည်စေလွှတ်ရန် ပြင်ဆင်ထားကြောင်း သိရသည်။ **Ref:FA**

www.facebook.com/themyawadydaily

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စင်ကာပူတပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ

နေပြည်တော်    မေ    ၃၀

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ စင်ကာပူတပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူး Brigadier General Ong Tze-Ch'in အား လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်ကြား ချစ်ကြည်ရေး ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေးနှင့် ဒေသတွင်းလုံခြုံရေးနှင့် နည်းပညာရပ်များပူးပေါင်းဆောင်ရွက်ရေးတို့အား ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦးတို့တက်ရောက်၍ စင်ကာပူတပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူး Brigadier General Ong Tze-Ch'in စာမျက်နှာ ၁၇ ကော်လံ ၄ ★



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် စင်ကာပူတပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူး Brigadier General Ong Tze-Ch'in တို့ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။

## ထူးခြားသည့်နေ့အပူချိန်များ

၃၀-၅-၂၀၁၆

| | |
|---|---|
| မုံရွာ | ၄၀° C |
| မြင်းခြံ | ၄၀° C |
| ကျောက်ဆည် | ၄၀° C |
| ဘောလခဲ | ၄၀° C |
| ရေဦး | ၃၉° C |

## ခရမ်းလွန်ရောင်ခြည် အမြင့်ဆုံးအညွှန်းကိန်း

၃၀-၅-၂၀၁၆

| | |
|---|---|
| နေပြည်တော် | ၇ ဒသမ ၆ |
| ရန်ကုန် | ၈ ဒသမ ၅ |
| မန္တလေး | ၆ ဒသမ ၃ |

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၃၀-၅-၂၀၁၆

| | |
|---|---|
| မာန်အောင် | ၂ ဒသမ ၄၄ လက်မ |
| ဖောင်းတော | ၂ ဒသမ ၂၈ လက်မ |
| သိမ်ဇရပ် | ၂ ဒသမ ၁၃ လက်မ |



မြန်မာ့လက်ရွေးစင်အသင်းမှ တိုက်စစ်မှူးအောင်သူကိုတွေ့ရစဉ်။

# လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ ဇွန် ၃ ရက်နှင့် ၆ ရက်တို့တွင် ကျင်းပမည်

ရန်ကုန်    မေ    ၃၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ (AYA Bank Cup 2016)ကို ဇွန် ၃ ရက်နှင့် ၆ ရက်တို့တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းအပါအဝင် ဗီယက်နမ်၊ စင်ကာပူနှင့် ဟောင်ကောင်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

ယခုပြိုင်ပွဲသည် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံဆုဇူကီးဖလားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်း အောင်မြင်မှုရရှိရန်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကပြုလုပ်သည့် ပြင်ဆင်မှုများထဲမှ တစ်ခုဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဆုဇူကီးဖလားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် မေလက စတင်ပြင်ဆင်လျက်ရှိပြီး လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲအပြီး စာမျက်နှာ ၁၇ ကော်လံ ၄ ●

## မိုင်းပျဉ်းမြို့နယ်အတွင်းရှိကျေးရွာတချို့တွင် SSA(ရှမ်းဆစ်)အဖွဲ့မှ အဓမ္မလူသစ်စုဆောင်းခြင်းနှင့် ဆက်ကြေးကောက်ခံခြင်းများပြုလုပ်

စာ- ၁၅ သို့

## နိုင်ငံတကာသတင်း

မြောက်ကိုရီးယား၏ ဒုံးကျည်ပစ်ခတ်မှုအန္တရာယ်ကြောင့် နိုင်ငံအတွင်း စစ်ဘက်အသင့်အနေအထားရှိရန် ဂျပန်သတိပေးချက်ထုတ်ပြန် စာ- ၂၉ သို့

တရုတ်နှင့်ဘင်္ဂလားဒေ့ရှ်တို့ကစစ်ဘက်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန်ကတိပြု စာ- ၂၉ သို့

KAN KAW SEIN

ပဋ္ဌ ဂုဏ် အဟံ ဝန္ဒာမိ

ကံ့ကော်စိမ်း ပညာ့ရိပ်သာဘော်ဒါဆောင် ထီးလင်းမြို့

အေးချမ်းသာယာ၍ဆိတ်ငြိမ်သော ယောဒေသ၊ ထီးလင်းမြို့ ကံ့ကော်စိမ်းဘော်ဒါဆောင်မှ နွေးထွေးပျူငှာစွာ ကြိုဆိုလျက်ပါ။



နှစ်အလိုက် ဂုဏ်ထူးထွက်ရှိမှုမှတ်တမ်း



ပညာရေးဝန်ဆောင်မှုနှုန်းထားများ
၁၀တန်း ၅သိန်း (သင်/နေ/စား)
၉ တန်း ၄သိန်းခွဲ (သင်/နေ/စား)
၇/၈တန်း ၄သိန်း (သင်/နေ/စား)
သုံးရစ်ခွဲသွင်းနိုင်သည်
ပထမရစ်(ဝင်ကြေး) - ၁၅၀၀၀၀ ကျပ်
ဒုတိယရစ်(ကြားရက်) - ၂၀၀၀၀၀ ကျပ်
တတိယရစ်(အောက်တိုဘာလ) - အပြေအကြေ

ဆက်သွယ်ရန်လိပ်စာ- မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ထီးလင်းမြို့၊ အမှတ်(၁)ရပ်ကွက်၊ မြို့မလမ်းတောင်ဘက်။
Ph - 09-401530952, 09-49321380, 09-265027817

www.myawady.net.mm
E.mail:mwdpress@hotmail.co.uk